www.burmeseclassic.com

M3
မော်မြန်မာစာပေ
ယူ(မြဝတီ)စီစဉ်သည်

သုတေသီ
# အုန်းမြင့်သွေး

# သင်သိမထား၍
# ဖြစ်ကိုမဖြစ်သော
# အချိန်၏လျှို့ဝှက်ချက်များ

BURMESE CLASSIC .com

design . aung [illegible]aw moe

www.burmeseclassic.com

www.burmeseclassic.com

သုတေသီ
ဘုန်းမြင့်သွေး

## သင်သိမထားရှိဖြစ်ကိုမဖြစ်သော

# အချိန်ဇါလျှို့ဝှက်ချက်များ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအားဆန့်ကျင်ကြ
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ❖ ၄၈၀၅ ၂၉၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၄၀၀၅၄၀၀၀၀၀
မျက်နှာဖုံးဒီဇိုင်း ❖ အောင်ကျော်မိုး
ပုံနှိပ်ခြင်း ❖ ပထမအကြိမ်၊ ၂၀၀၀ခုနှစ်
အုပ်ရေ ❖ ၁၀၀၀
ကွန်ပျူတာ ❖ ယုံ(မြတ်)
ထုတ်ဝေသူ ❖ မောင်မောင်မြင့်အေး(မြ-၀၄၁၀)
ပုံနှိပ်သူ ❖ ဝင်းထွန်း(မြ-၁၄၈၁၉)
အမှတ်၁၇-ရေကျော်၊ ရန်ကုန်။
ဖြန့်ချိရေး ❖ မော်မြန်မာစာပေ
အမှတ် ၆၁၇၊ ဘုတာရုံလမ်း
နှင့်သာကုန်းရပ်ကွက်၊ ဘီအိုစီကွေ့
အင်းစိန်မြို့။
တန်ဖိုး ❖ ၃၀၀

www.burmeseclassic.com

www.burmeseclassic.com

မသုံးရသေးသော အချိန်များကို ကောင်းစွာ အသုံးချနိုင်စေရန် ဖြူစင်သော စေတနာမေတ္တာဖြင့် စီစဉ်ထုတ်ဝေလိုက်ပါသည်။

စီစဉ်သူ- ယု (မြဝတီ)

ဖြန့်ချိရေး - မော်မြန်မာစာပေ
အမှတ် ၆၁၇-ဘူတာရုံလမ်း၊ နံ့သာကုန်း ရပ်ကွက်၊
အင်းစိန်မြို့။
ဖုန်း - ၀၉ ၅၀ ၁၉၁၂၃
၀၉ ၅၁ ၀၆၁ ၄၅
၀၉ ၅၁၂၀၀၁၂

BURMESE CLASSIC .com

# မှန်ကန်ခြင်း၏ သံတော်ဆင့်

Time is the herald of truth.

**(English Proverb)**

အချိန်သည် မှန်ကန်ခြင်း၏ သံတော်ဆင့်ဖြစ်သည်။

(အင်္ဂလိပ်စကားပုံ)

# သင် ပျော်ရွှင်စွာနေရအောင်

Make the night night, and the day day, and you will live happily.

နေ့ကို နေ့အတိုင်း သတ်မှတ်ပါ။ ညကို ညအတိုင်း သတ်မှတ်ပါ။ သင်သည် ပျော်ရွှင်စွာ နေရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# ရတနာမြတ်(၃)ပါး

* တုနှိုင်းမဲ့သော မြတ်စွာဘုရားကို ကြည်ညိုပါ၏၊ အားကိုးပါ၏။

* မြတ်ဘုရား၏ တရားတော်မြတ်တို့ကို ကြည်ညိုပါ၏။ အားကိုးပါ၏။

* မြတ်ဘုရား၏ ချစ်လှစွာသော သံဃာ၊ သံဃာတော်မြတ်တို့ကို ကြည်ညိုပါ၏။ အားကိုးပါ၏။

* ရတနာမြတ်(၃)ပါးကို ကြည်ညိုအားကိုး၍ ပြုစုရေးသားသော ကျွန်ုပ်၏စာများသည် အရွယ်ငယ်ကြ၍ အသိမကြွယ်သေးကြရှာသော လူငယ်မောင်မယ်တို့အတွက် ဖန်မီးအိမ်ကလေး ဖြစ်ရပါစေသတည်း။ ဖြစ်လာနိုင်ပါစေသတည်း။

BURMESE CLASSIC .com

## အမှာစာ

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓမြတ်စွာ၊ ကြည်ညိုစွာဖြင့် ကျန်းမာ၊ ချမ်းသာ၊ ကိုယ်ခန္ဓာကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ။

\+ + +

လူငယ်မောင်မယ်တို့ရေ ;

'သင်သိမထား၍ ဖြစ်ကိုမဖြစ်သော အချိန်၏လျှို့ဝှက်ချက်များ'ဆိုသော တက်ကျမ်း အသိပေးစာအုပ်ငယ်ကလေးကို ပြုစုရေးသားလိုက်ပြန်ပါပြီ။ သင့်တို့အတွက် တစ်ဖက်တစ်လမ်း ကူညီမယ့် တက်ကျမ်းစာအုပ်ငယ်လေးရယ်ပါ။ 'သည်ခေါင်းစဉ်နှင့် 'သည်အကြောင်းအရာကိုရေးရန်မှာ နှစ်ပေါင်းများစွာ ရင်ထဲမှာ ကိန်းအောင်းခဲ့ပြီး နှစ်ပေါင်းများစွာကို အချက်အလက် စုဆောင်းခဲ့ရပါတယ်။

လူငယ်မောင်မယ်တို့ရယ်- စာပြုသူက နှစ်ပေါင်းများစွာလို့ ဆိုလိုက်ခြင်းကို ပိုတယ်ရယ်လို့ မထင်လိုက်ပါနဲ့။

အမှန်ပါ။ အဟုတ်ပါ။ တကယ်ဖြစ်ရပ်ပါ။

စာရေးသူရဲ့ အသက်(၄၀)အရွယ်ခန့်မှာ သည်စာအုပ်ကို ရေးချင်ခဲ့ပါတယ်။ အဲသည်ဆန္ဒကြောင့် မှတ်စုစာအုပ်သပ်သပ် ရေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အချိန်နှင့်ပတ်သက်သောမှတ်စုစာအုပ် ထားခဲ့ပါတယ်။

အချိန်ကာလတွေပေးပြီးကို မှတ်ရပါတယ်။ ကိုယ့်ဘဝအသိ နောင်တ သင်ခန်းစာထဲကလည်း ထုတ်ယူရခဲ့ပါတယ်။

စာရေးသူ

စာဖတ်လို့ အချိန်အကြောင်းအရာနှင့် ပတ်သက်သိမြင်တိုင်းမှာ မှတ်စုထဲကို ချက်ချင်း ရေးမှတ်တယ်။ ကူးရေးတယ်။ စဉ်းစား နှလုံးသွင်းတယ်။

လူကြီးသူမတွေ၊ မိတ်ဆွေတွေ စကားပြောကြဆိုကြလို့ အချိန်အကြောင်း ကိစ္စပါလာရင်လည်း ချက်ချင်း ရေးမမှတ်နိုင်တောင်မှ ဦးနှောက်နှင့် စိတ်မှာ မှတ်သားပြီး အိမ်ရောက်သည်နှင့်ပဲ ချက်ချင်း ရေးမှတ်ခဲ့ပါတယ်။

မြတ်ဘုရားရှင်ကချစ်သော ဘုရားရဲ့သားတော်၊ သံဃာတော်တွေရဲ့ ဩဝါဒမျိုးဆိုရင်တော့ ဘယ်နေရာဖြစ်ဖြစ် လူရှေ့သူရှေ့မှာ တောင်ရှက်ကြောက်မနေတော့ဘဲ ရေးချမှတ်သားခဲ့ပါတယ်။ **ဆရာတော်များ၏ အချိန်နှင့်ပတ်သက်ဆုံးမသော** ဩဝါဒစာအုပ်ကိုတော့ သီးသန့်ထုတ်ဝေရန် ရေးသားပြုစုဆဲ ဖြစ်ပါတယ်။ ယခု ဤစာအုပ်၌ မပါသေးပါ။

ယခု သင်သိမထား၍ **ဖြစ်ကိုမဖြစ်သော အချိန်၏လျှို့ဝှက်ချက်များ**စာအုပ်ကို မှတ်မှတ်ရရ အသက်(၃၈)နှစ်အရွယ်မှာ စာရေးသူ ရေးချင်စိတ်ပေါက်ခဲ့တယ်။

ဘယ်လိုကြောင့် ပေါက်ခဲ့သလဲ။

စာရေးသူဇနီးက ပညာရေးဝန်ထမ်းဘဝကနေ အလုပ်ကထွက်ပြီး သားသမီးများနှင့် ရန်ကုန်မြို့ကို တက်လာတယ်။ တက်လာတော့ ခက်တာမှ ခက်ပေါင်းစုံ။

စာရေးသူဟာ အချိန်တွေကို အလွဲသုံးစားဖြုန်းခဲ့။ ရာရသော ငွေကိုလည်း သုံးခဲ့တော့ မိသားစုရောက်လာတဲ့အခါ ဒုက္ခတုံး ဒုက္ခခဲကြီး ကိုင်ရသလို ဖြစ်ခဲ့တယ်။ ရင်ဆိုင်တွေတော့ ဖင်ထိုင်မယ့်လို့ မရဘူးလေ။ ဟော- အဲသည်မှာ စာရေးသူဟာ အတိတ်အချိန်၊ ပစ္စုပ္ပန်အချိန်တွေကို သဘောပေါက်လာပြီး အနာဂတ်အချိန်ကိုပါ စဉ်းစားတွေးတောလာမိပါတော့တယ်။

အချိန်ကို နှမြောနောင်တရခြင်းသည် မည်သို့သော နောင်တနှင့်မျှမတူ။ အလွန်ခံစားရသော နောင်တမျိုး ဖြစ်ပေတယ်။

ဘဝလမ်းမှာ ကောင်းသလိုနှင့် ဆိုးသွားခြင်းလည်းရှိ။ အဆိုးကိုခံစားရပြီးမှ အဲသည်အဆိုးကနေ နောင်တတွေ၊ အတွေ့အကြုံတွေ၊ ပညာတွေရပြီး ဘဝသစ်ဖြစ်သွား။ ကောင်းသွားတာ ရှိပြန်တယ်။ အဲသည်တော့ ဆိုးကောင်း ဖြစ်ပျက်မှန်သမျှကို အချိန်တိုင်းမှာ သတိကပ်ရပါမယ်။

လူ့ဘဝငယ်နချိန်မှာ နာကျင်စရာ အခါခါ အကြိမ်ကြိမ် ခံခဲ့ရသူသည် အသက်ကြီးချိန်ပိုင်းမှာ အဖန်ဖန် ကြုံခဲ့သောကြောင့် ခံနိုင်ရည်ခံနိုင်စွမ်းရှိပြီး မနာကျင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခကို ကုန်းမခံနိုင်တော့ဘဲ ရုန်းကန်တတ်လာတတ်တယ်။ လောကဓံကို အမောခံနိုင်တယ်။ လောကဓံကို လန်ကဆောလုပ်တတ်ပြီး အချိန်ကို ဝတီအထိရောက်အောင် တန်ဖိုးထားချင်လာတတ်ကြတော့တယ်လေ။

လောကဗွဲ လိမ္မာပါးနပ်သူတို့သည် သူတို့၏အမှားများအား ညွှန်ပြပြောဆိုခြင်းခံရသောအခါတွင် ပြန်ပြောင်းစဉ်းစား၍ အမှုအကျင့် ပိုမိုကောင်းမွန်လာအောင် ပြုပြင်နေထိုင်ကြလေတယ်။

ဆင်ခြင်ခြင်းသည် အတွေ့အကြုံမပါလျှင် ဗလာအချည်းနှီးဖြစ်တတ်သကဲ့သို့ အတွေ့အကြုံသက်သက်သည် မျှော်မြင်ဆင်ခြင်မှုမပါလျှင် မျက်ကန်းနှင့် တူတယ်။

ခံစားခြင်းက သိမြင်တတ်၏။ သိမြင်ခြင်းက လမ်းစရှာတတ်၏။ လမ်းစတွေက အောင်ပွဲစလေပြီ။ များသောအားဖြင့် အချိန်၏တန်ဖိုးကို ငယ်ရွယ်စဉ်က မသိရှိဘဲ၊ အသုံးမပြုတတ်ဘဲ ကြီးရင့်လာသူတိုင်းပင် အချိန်၏တန်ဖိုးကို ပိုမိုသိရှိပြီး အသုံးချတတ်မှသာ ဘဝ၏အရသာ အနှစ်ရှိမည် ဖြစ်လေတယ်။

လူငယ်မောင်မယ်တို့ရေ

ရှင်းရှင်းပဲဆိုရရင် နောင်တပူတွေချပြီးရင်းရလို့ **'အချိန်'** နှင့် ပတ်သက်သော စာအုပ်ကို ရေးချင်မိတာပါ။ ရေးချင်စိတ်က (၃၈)နှစ်မှာ ပေါ်ခဲ့။ နောင်တကြောင့် ပေါ်ခဲ့။

ယခု ရေးသားပြုစုတာက အသက်(၆၀)ပြည့်ရန် လပိုင်းသာ အလို၊ နှစ်တွေ ကြာခဲ့တယ်။

စာရေးသူဟာ ကိုယ်မှားခဲ့သလို လူငယ်မောင်မယ်တွေကို မမှားစေချင်ဘူးဗျာ။

သည်လိုရှိတယ်ဗျာ

'ပျက်အစဉ် ပြင်ခဏဆိုပေမယ့် ပြင်ရတာ ကြာတယ်နော်။ ဒုက္ခကြီးလှတယ်နော်။ သတိထားကြစမ်းပါ။ အချိန်ကို တန်ဖိုးမထားခြင်းဟာ ကိုယ့်ကိုယ်ကို တန်ဖိုးမထားခြင်းပါပဲ'

အလွန်ပင် လေးစားကြည်ညိုအပ်သော စာရေးဆရာကြီးတစ်ဦးဖြစ်သော ဒေါက်တာကျော်စိန် MA.PHD (Columbia) ပါမောက္ခက အသုံးချစိတ်ပညာစာအုပ်မှာ ဘယ်လိုတင်ပြရေးသားခဲ့သလဲဆိုတော့

'စိတ်ဓာတ်မရင့်ကျက်သေးသူဟာ အချိန်ကို အရေးပါတယ်လို့ မတွေးဘူး၊ မထင်ဘူး။ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် အချိန်တွေကို လွယ်လွယ်သာ သုံးစွဲခဲ့ကြတယ်။ အချိန်ကို ဆွဲဆန့်နိုင်သောအရာ၊ ရှိသေးသောအရာ၊ ကျန်သေး ရသေးတယ်ထင်သော အရာ၊ အသည်လို တွေးတောသဘောထားပြီး နေခဲ့ကြတယ်၊ ဖြုတ်သန်းခဲ့ကြတယ်။ အဲဒါ စိတ်ဓာတ်နဲ့ ဆိုင်တယ်။ စိတ်က ပေါ့ပျက်ပျက်ထားတာ။ အချိန်ကို စနစ်တကျ သုံးစွဲတတ်ပါက ဘဝမှာ အောင်မြင်တိုးတက်မှုတွေ ရနိုင်ကြောင်းကို စိတ်ဓာတ်မရင့်ကျက်သူတွေ နားလည်သဘောပေါက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

မရှိကြဘူး'လို့ ရေးသားတင်ပြခဲ့ပါတယ်။

ပြီးတော့ သည်လိုဆိုပါသေးတယ် လူငယ်မောင်မယ်တို့ရေ

'စိတ်ဓာတ်ရင့်ကျက်ရင် လူငယ်အရွယ်က လုပ်တာမျိုးတွေ၊ လူကြီးအရွယ်မှာ မလုပ်တော့ပါဘူး။ စိတ်ဓာတ်မရင့်ကျက်ရင်တော့ လူငယ်လိုပဲ လုပ်ပါတယ်၊ တွေးပါတယ်၊ ပြောပါတယ်၊ စိတ်ဓာတ်မရင့်ကျက်သမျှ ဘဝကို လေးလေးနက်နက် မတွေးဘူး။ သံသရာဆိုတာ တွေးဖို့ဝေးရော၊ ကိုယ့်အရွယ်နှင့် မလိုက်လျောတာတွေ မလုပ်တာ စိတ်ဓာတ်ရင့်ကျက်တာပဲ'တဲ့လေ။

● သည်စာအုပ်လေးကို ဖြည်းဖြည်းဖတ်ပါ။ တောက်လျှောက် မဖတ်စေလိုပါ။ တစ်ပုဒ်၊ တစ်ပိုဒ်ကို နှစ်ခေါက်၊ သုံးခေါက် ဖတ်ရှုပြီး စဉ်းစားပါ။ မှတ်ပါ။

အချိန်မအားလို့ အိမ်မှာဖတ်ချိန်မရရင် ကားပေါ်၊ ရထားပေါ်၊ သင်္ဘောပေါ် ယူသွားပါလေ။ အားနေသောအချိန် ဤစာအုပ်ကလေးကို ဖတ်ပါ။

စာဖတ်သူတို့ ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေ။

တတိယအရွယ်ရောက်မှ အချိန်နှင့်ပတ်သက်၍ နောင်တများ တစ်ပွေ့တစ်ပိုက်ကြီးရနေသော အချိန်တန်ဖိုးကို လူငယ်မောင်မယ်တို့ သိစေချင်လှသော

သုတေသီဘုန်းမြင့်သွေး



# အချိန်၏ လျှို့ဝှက်ချက် သဘောတရားများ

## သင့်ဘဝကို မြတ်နိုးလျှင်

နံနက်ခင်း တွေကြုံရသော နေရောင်ခြည်သည် တစ်နေ့လုံး တွေလိမ့်မည်မဟုတ်။ သင်ဘဝကို သင်မြတ်နိုးလျှင် အချိန်ကို အလဟဿ မကုန်ပါစေနှင့်။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်မီ ဖော်ထုတ်ပါ

ကုန်ဆုံးသွားသောအချိန်ကို ဘယ်တော့မှ ပြန်မရ။ အိပ်ရာထ နေမြင့်သူသည် တစ်နေ့လုံး လွမ်းသွားနေရတတ်သည်။ သင့်မှာရှိသော စွမ်းရည်သတ္တိကို ဖုံးကွယ်မထားလေနှင့်။ အချိန်မီ ဖော်ထုတ်ပါ။

## အချိန်အရွယ်နှင့် အလိုက်သိသင့်

လူ့ဘဝ၌ အချိန်အရွယ်နှင့် အလိုက်သိသင့်သည်ကို သိမှသာ လူဖြစ်တျိုးနပ်ပါမည်။ ပထမအရွယ်မှာ ပထမအသိ၊ ဒုတိယအရွယ်ရောက်သော် ဒုတိယအသိ။ တတိယအရွယ်ရောက်ချိန်တောင်မှ အသိက မရရောသေး မသေမချာ၊ ဇဝေဇဝါဖြစ်နေလျှင် အပါယ်လားရေလား ခွဲခြားမေးစရာ မလိုတော့ပါချေ။

## ယနေ့ခေတ် အချိန်အခါမှာ

ပျင်းစိတ် ဝင်နေသလား။ အပြိုင်အဆိုင် ကြိုးစားနေသော ယနေ့ခေတ် အချိန်အခါမှာ နောက်ကျန်ရစ်ခဲ့မှာကို သတိပြုပြီး အပျင်းစိတ်ကို အလုပ်စိတ်နှင့် ပြောင်း။ ဒါမှ လူ့ဘဝကောင်းမည်။ I.T ခေတ်မှာ မှိုင်စီ၍ မနေလေနှင့်။

## အလုပ်မရှိသောအချိန်တွင်

လူတစ်ဦးတစ်ယောက်၏ ရှေ့အလားအလာကို သိရန်မှာ သူ၏ အားလပ်နေသော အလုပ်မရှိအချိန်တွင်လည်းကောင်း၊ သူ၏ ဆိတ်ကွယ်ရာ၌ တစ်ဦးတည်းနေသောအခါတွင်လည်းကောင်း သူ၏ မလေ့အကျင့်ကိုသိပြီး အကဲဖြတ်နိုင်လေသည်။

## အချိန်က ဘဝကို

အချိန်သည် အမြဲတမ်း ဘဝကို ချေမှုန်းနေသောသဘောရှိကြောင်း သဘောပေါက်ထားသူမှသာ အချိန်၏တန်ဖိုးကို သိရှိကျင့်သုံးတတ်သူ ဖြစ်လာရပေမည်။

## အချိန်အားနေခြင်းသည်

ဘာလုပ်ရမှန်းမသိဘဲ အချိန်များအားနေခြင်းသည် စိတ်ဓာတ်ညှိုးဖျင်းခြင်း၊ ညှိုးဖျင်းအောင်ပြုနေခြင်း ဖြစ်သည်။ ညှိုးဖျင်းစေပါသည်။ တစ်နည်းမှာ ကိုယ်ရည်ကိုယ်သွေးညှိုးခြင်း ဖြစ်၏။ ဘာလုပ်ရမှန်းမသိဘဲ အချိန်တွေအားနေခြင်းသည် ကြာသောအခါ စိတ်မှိုင်းပြီး ဘာမဆို ရင်ဆိုင်ရန် ရင်လေးသည်။ လုပ်စရာ၊ ကိုင်စရာ၊ သင်စရာ၊ လေ့လာစရာ၊ သွားစရာ၊ လာစရာ၊ ကျင့်ကြံစရာ အလွန်ပေါလှသော လူ့ဘဝ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာလုပ်ရမှန်းမသိအောင် အားလပ်နေခြင်းသည် ကိုယ့်ညဖျင်း လွန်းခြင်းသာ ဖြစ်၏။

## သည်နေ့ သည်အချိန်

သည်နေ့ သည်အချိန်ကို ပျော်အောင်နေ။ သည်နေ့ သည်အချိန်မှာ လုပ်သင့်တာမှန်သမျှ လုပ်။ မနက်ဖြန်ဆိုသည်က မရောက်သေး။ မနေ့ကအချိန်တွေက ပြီးသွားပြီ။ အရေးအကြီးဆုံးမှာ သည်နေ့ သည်အချိန်။ ဒါပဲ။

## မပွင့်သေးအချိန်လေးမှာ

ကောင်းသောဉာဏ်ရှိပါလျက် ဆင်းရဲနိမ့်ကျခြင်းသည် အတိတ်ကံအကျိုး မပွင့်လင်းသေးသည့် အချိန်အခါ အခိုက်အတန့်မျှသာဖြစ်၍ စိတ်မပျက်ပါလေနှင့်၊ ဆက်လက်၍ ကြိုးစားအားထုတ်တတ်သော ဇွဲရှိလျှင် အကျိုးတရားသည် ပွင့်လင်းလာပေလိမ့်မည်။

## တစ်ချိန်ချိန်မှာ

အနေရိုးသောကြောင့် အထင်သေးခံရမည်မှာ စိုးရိမ်စရာမရှိပေ။ အရည်အသွေးရှိလျှင် ပို၍ တန်ဖိုးတက်လာမည်ဖြစ်၍ ရိုးသားခြင်း၏ ဆုလာဘ်မှာ တစ်ချိန်ချိန်၌ အကျိုးခံစားရမည်ဖြစ်၏။



## မခံချင်စိတ်ဖြစ်ပေါ်နေချိန်မှာ

လူ၏သဘောမှာ စိတ်ထိခိုက်ရာမှ မခံချင်စိတ် ဖြစ်ပေါ်ဝင်ရောက်လာပြီး ကာယကံမြောက်၊ ဝစီကံမြောက် ထလုပ်လေ့ရှိတတ်သည်။ ထို့ကြောင့် စိတ်ထိခိုက်လာပြီး မခံချင်စိတ်ဖြစ်နေချိန်မှာ လက်မပါမိအောင် သတိထားပါလော့။

## အချိန်ပြည့် ကြိုးစားသူတို့သာ

လူသည် လူ့ဘဝ၏ တာဝန်နှင့် ဝတ္တရားအစိပ္ပာယ်ကို သဘောပေါက်သိရှိလျက် လူ့ဘဝ၏ ရည်ရွယ်ချက်ဖြစ်သော အနှစ်အထည်ပါရမီ ဒဗ္ဗသမ္ဘာရကိုလည်းကောင်း၊ သဘောတရားရေး အသိပညာ အလိမ္မာကိုလည်းကောင်း အစဉ်တက်ကြွစွာ အချိန်ပြည့် ကြိုးစားသူတို့သာ ထိပ်တန်းသို့ ရောက်လာနိုင်လေသည်။

## ငယ်ရွယ်ချိန်က ရပ်တန့်မနေ

အချိန်နှင့် ဒီရေက လူကို အမှန်တကယ် မစောင့်သလို လူငယ်များ၏ အသက်ငယ်ရွယ်နုပျိုမှုကလည်း ရပ်တန့်၍ မနေပါချေ။ လူလတ်ပိုင်း၊ လူကြီးပိုင်း၊ လူအိုပိုင်းကို စက္ကန့်၊ နာရီနှင့်အမျှ ရွေ့လျားနေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ကာလ ရှည်လျားစွာ

အလုပ်တစ်ခုပေါ်တွင် စိတ်ကို တာရှည်တည်တံ့အောင် ထားနိုင်ရမည်။ မှုတစ်ခုကိုထား၍ အောင်မြင်မှုပန်းတိုင်သို့ ရောက်သည့်တိုင်အောင် အချိန်ကာလရှည်လျားစွာ သည်းခံရမည်။

## အချိန်ကုန် အလုပ်ပျက်ရုံသာမက

အလုပ်လုပ်ရာ၌ နောက်ကြောင်းကို သင်ခန်းစာယူ၍ ရှေ့သို့ ဆက်ရ၏။ အတိတ်၌ အဆုံးအရှုံးနှင့် အမှားများရှိခဲ့လျှင် ထိုအတိတ် အကြောင်းတွေကို တွေးတောတမ်းတနေခြင်းဖြင့် အချိန်ကုန် အလုပ်ပျက် ရုံသာမက စိတ်ဓာတ်ကိုလည်း ထိခိုက်နာကျင်စေ၏။

## အရွယ်နှင့်အလိုက် အချိန်နှင့် ငွေ

အချိန်ရှိသရွေ့ ငွေကြောင့် စိတ်ညစ်နေရရင်လည်း မဟုတ်သေးဘူး။ အချိန်နှင့် ဒီရေသည် လူကိုမစောင့်သလို ငွေကိုလည်း မစောင့်ပါဘူး။ လူတွေမှာ အချိန်ကြာနှင့်အမျှ ငွေက ကုန်သည်။ စားဝတ်နေရေးကိစ္စက ရှိသည်မဟုတ်လော။ အရွယ်အလိုက် အချိန်နှင့် ငွေသည် ကုန်နေတော့သည်။ ငယ်ချိန်၊ ပျိုချိန်၊ အိုချိန်ရယ်ဟု အရွယ်(၃)ပါးသည် သူ့အချိန်နှင့်သူ။ ငွေရှာရန်က ဆီလျော်ရသည်။ လွဲချော်လျှင် ဘဝနေရကျိုးမနပ်။



## ဆင်းဆင်းရဲရဲနှင့် အချိန်တွေ

မပျင်းနှင့်၊ မပျင်းနှင့်။ ဘယ်တော့မှ မပျင်းနှင့်။ ယခုအချိန်လည်း မပျင်းနှင့်၊ နောင်အချိန်ရောက်လျှင်လည်း မပျင်းပါနှင့်။ ပျင်းလျှင် ဖျင်းမယ်။ ဆင်းလည်း ဆင်းရဲမယ်။ ပျင်းရင် ဆင်းရဲမယ်။ ပျင်းတဲ့လူ၊ ဖျင်းတဲ့လူမှန်သမျှ လောကကြီးထဲမှာ ဆင်းဆင်းရဲရဲနှင့်ပင် အချိန်တွေကို ဖြတ်သန်းမှိုင်တွေသွားခဲ့ကြရသည်။

## အချိန်တိုင်းဉာဏ်

ဘဝဆိုတာ လွယ်သည်မဟုတ်ပါ။ အချိန်တိုင်း၊ အချိန်တိုင်းမှာ ဉာဏ်နှင့်ယှဉ်၍ ကြိုးစားမှသာ တိုးတက်ကြီးပွား အောင်မြင်နိုင်ပါသည်။ အချိန်တိုင်း၊ အချိန်တိုင်း ဉာဏ်နှင့်ယှဉ်ပြီး မကြိုးစားနိုင်ကြ၍သာ လူများသည် အောင်မြင်သည့်အခါ အောင်မြင်ပြီး၊ ဆုံးရှုံးသည့်အခါ ဆုံးရှုံးကြပါသည်။

## ဘဝနှင့် ငွေ၊ လုံ့လ၊ ဝီရိယ

အဖိုးတန်တဲ့အရာများကို တန်ဖိုးကြီးကြီးပေး၍ ဝယ်ရသကဲ့သို့ ကောင်းကျိုးများ ဖြစ်ထွန်းခံစားနိုင်ရေးအတွက် ငွေ၊ လုံ့လ၊ ဝီရိယများ အချိန်နှင့်အမျှ အားထုတ်ပြီး ဝယ်ယူရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## အရှေ့အနောက် ညီပါစေ

အစစမှစ၍ နောက်နောင်တွေပါ ဆက်ဆက်အောင်မြင်ရေး အတွက် အချိန်ကို အမြဲသတိပြုပါလေ။

## အချိန်ကို ရတုန်းရခိုက်

အချိန် Time သည် အစဉ်အမြဲ ထာဝစဉ် ပြေးလွှားနေသည်။ ဖမ်းဆီးချုပ်ကိုင်၍ မရ။ ထိုကဲ့သို့ ထာဝစဉ် ပြေးလွှားရွေ့လျားနေသော အချိန်ကို ရတုန်းရခိုက် အမိအရဖမ်းဆီးချုပ်ကိုင်ကာ မိမိလိုလားအပ်သော လုပ်ငန်းကိုင်ငန်းကိုဖြစ်စေ၊ (ဝါ) ဆောင်ရွက်လုပ်ကိုင်ရန်ရှိသည့် အလုပ်ကိုဖြစ်စေ အချိန်ရှိခိုက် လုံ့လစိုက်၍ လုပ်ကိုင်နိုင်သူများတွင် လူ့လောက၏ထိပ်ဆုံးသို့ ရောက်ရှိနေကြသူများဖြစ်သည်ကို အခိုင်အမာ တွေ့ရှိနေကြရပေသည်။

## အချိန်၏တန်ဖိုး

ရောက်သောနေရာ၊ ရောက်ရာအချိန်တွင် အချိန်ကို မည်သို့ သုံးစွဲရမည်ကို သိသူသည် ပညာရှိကြီးတစ်ဦးပင် ဖြစ်၏။



## ပြောတတ်ပို့ အချိန်စကား

လူပေါ်လူကျော့သည် တစ်နေ့လုံး စကားပြော၏။ လူလိမ္မာကား အချိန်အခွင့်ကိုသာ လိုက်၍ပြောတတ်သည်။

## ယနေ့အချိန်

အတိတ်က မည်သို့ပင်ဖြစ်စေကာမူ အကြောင်းမဟုတ်။ ယနေ့ လုပ်စရာရှိသည်များကို လုပ်ပါ။

## တန်ဖိုးရှိတာလုပ်

မည်မည်ရရမရှိသောအလုပ်နှင့် အချိန်ကုန်မခံပါနှင့်။

## အချိန်မှန်သာ

အလုပ်တွေစုပြုံပြီး ရှုပ်နေသောအခါ တစ်ပြိုင်တည်း အစတွေများစွာ ကောက်ကိုင်၍ မလုပ်ပါနှင့်။ တစ်စပြီးမှတစ်စ တစ်ခုချင်း အချိန်မှန်မှန် ဖွဲ့ဖြင့်လုပ်သွားပါက အားလုံး ချောမောပြီးစီးသွားမည် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နေ့ရိုပ်ချိန် မစောင့်နှင့်

မလာသေးသောနေ့ရိုပ်ချိန်ကို မျှော်စောင့်နေရခြင်းသည် သင်၏ အရှုံးဆုံးသောအာဝသာ ဖြစ်သည်။ ထို့ကြောင့် ကိုယ်ကြိုက်သလို လုပ်ယူပါ။ စိတ်ဆန္ဒရှိသည်ကို ကိုယ်ကြိုက်သည့်ပုံစံနှင့် ထက်သန်စွာ လုပ်ယူစမ်းပါ။ ထက်သန်သောစိတ်နှလုံးရှိလျှင် မရဘူးဆိုသည် မရှိပါ။ သူတစ်ပါး၏ အမအာစကိုခံရချိန်ကို စောင့်မျှော်လင့်နေရခြင်း၊ သူတစ်ပါး၏ စိတ်ဆန္ဒအလိုသို့သာ လိုက်နေရခြင်း၊ ကံပြုပြင်ပေးချိန်ကို စောင့်နေရခြင်းတို့သည် အလွန်စိတ်ကူးယဉ်ဆန်ပြီး ကိုယ်ရည်ကိုယ်သွေး ညှိုးဖျင်းခြင်းတစ်မျိုးဖြစ်သည်။ နေ့ရိုပ်ချိန်ကို မစောင့်နှင့်။ နေ့ပူထဲမှာလည်း ပျော်မွေ့စွာ ကြိုးစားလုပ်ပါလေ။

## ဒုက္ခနှင့် ရင်ဆိုင်ရချိန်မှာ

ကိုယ်မှာ အရေးကြီးသောအချိန်၊ ဒုက္ခနှင့် ရင်ဆိုင်ရသောအချိန်၊ အကျဉ်းအကြပ် မဆုံးဖြတ်နိုင်အောင်ပင်ဖြစ်နေချိန်မှာ သစ္စာမဲ့သူကို မှီခိုအားကိုးရခြင်းသည် နဲ့နေသောသွားနှင့် အစာကို ဝါးစားရသည်နှင့် တူ၏။



## ငွေကို ထပ်ရှာချိန်ရပါတယ်

ပျော်ရွှင်ချမ်းမြေ့မှုသည် ဤလောကတွင် သံယောဇဉ်မရှိခြင်းပင် ဖြစ်သည်။ ကုန်သွားသောငွေကိစ္စကို မေ့နိုင်ခြင်းလည်း ပါသည်။ ငွေသည် ထပ်၍ရှာလျှင် ရသည်။ အချိန်ကတော့ မရ။

## အချိန်လွန်မှ ငွေကျွံမှ

ငွေရော အချိန်ရော မဖြုန်းတီးမိအောင် သတိရှိရမည်။ ငွေနှင့် အချိန်၏တန်ဖိုးကို နားလည်ရန် လို၏။ အချိန်လွန်မှ၊ ငွေကျွံမှ နောင်တရလျှင် နောင်မှတရသော နောင်တသည် အလွန်ပင် ပူလောင်၏။

## ဘယ်အချိန်မဆို

မည်သည့်အချိန်မဆို ငွေရမှုနှင့် ငွေကိုအလိုရှိမှုမှာ ပြီးဆုံးမသွားနိုင်ပါ။

## အချိန်နှင့် ငွေ

အချိန်ဆိုသည် သေးငယ်သော ပါဒ်၊ ဗိဇနာမှစပြီး စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်တို့ကို စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်၏။

ငွေဆိုသည်မှာ ပြား၊ ကျပ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ အစရှိသဖြင့် ရေတွက်ဖွဲ့စည်းထားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ဖြုန်း

ဖြုန်းတီးတဲ့အချိန်သည် ဘယ်သောအခါမှ ပြန်မလာတော့ပါ။ အင်္ဂလိပ်ပြဇာတ်ဆရာကြီး ရှိတ်စပီးယားက-

"အချိန်ကို ငါက ဖြုန်း၏။ အချိန်က ငါ့ကို ဖြုန်း၏"ဟု ဆိုပါ၏။

## သုံးတတ်ဖို့လိုသောငွေ

ဝင်ငွေကောင်းနေချိန်မှာ သတိထား။

ဝင်ငွေမကောင်းသောအချိန်မှာ သည်းခံပါ။

ဝင်ငွေရလာအောင် အကြံထုတ်ပါ၊ လုပ်ပါ။

## ပြန်ရှာရမယ့်အချိန်

ဖိတ်သွားသောနို့အတွက် မငိုပါနှင့်၊ ကျကွဲသွားသော ပန်းကန်အတွက် စိတ်မရှုပ်ပါနှင့်။ ကုန်ဆုံးသွားသောငွေအတွက် စိတ်သွေးမခံပါနှင့်။ ငွေရသည့်နည်းလမ်းအတွက် ကြိုးစား၍ အလုပ်လုပ်ပါ။ ရှေ့လာကောမယ့်အချိန်မှာ နှစ်ဆပြန်ကြိုးစားပါ။



## သတိနှင့် အချိန်

သတိကင်းမဲ့တတ်ခြင်း၊ သတိမေ့လျော့တတ်ခြင်း၊ ပိုင်ဆိုင်သော ငွေကို မလေးစားခြင်း၊ အချိန်ကို မလေးစားခြင်း၊ အသုံးနှင့် အဖြုန်းကို မသိခြင်း၊ အလုပ်ကို ဂရုမစိုက်ခြင်းတို့သည် ကမ္ဘာလောကဌ ဆုံးရှုံးခြင်းတည်းဟူသော အကျိုးတရားတွင် အကြီးဆုံးသော အကြောင်းတရားဖြစ်လေသည်။ ငွေကို သတိကြီးစွာထား၊ အလုပ်ကို သတိအာရုံ မပြတ်နှင့်။ ငွေဟူသည် လက်ကလွတ်သွားလျှင် ပြန်လည်အကျိုးရမှာသာ၊ အကျိုးမရက အချိန်ဖြုန်း၊ ငွေဖြုန်းသာဖြစ်ပြီး အမုန်းပင် ခံရလေသည်။

## ဘဝတစ်ကွေ့

ငွေဆိုသည်မှာ၊ စည်းစိမ်ချမ်းသာဆိုသည်မှာ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အချိန်မှာ ပျောက်ပြယ်သွားနိုင်ပါတယ်။

## အချိန်နှင့် ဘဝအချိန်

လောကတွင် မိမိ၏ ရပ်တည်နေရမှုအတွက် တိုက်ခိုက်နေရခြင်းသည် ဘဝ။

မိမိ၏ခံစားမှုပြုသည်နှင့်အမျှ ပေးဆပ်နေရခြင်းသည် ဘဝ။

အချိန်နှင့်အမျှ ရုန်းကန်လှုပ်ရှားနေရခြင်းသည် ဘဝ။

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် အမျိုးမျိုး ပြောနေကြသော်လည်း မိမိ၏ဘဝ၌ မိမိ၏ အမြင်အသိဖြင့် မိမိ၏အခြေအနေအရ မိမိကိုယ်တိုင် အတွေ့အကြုံ လောကဓံအများအပြားတို့ကို အချိန်နှင့်အမျှ တိုက်ခိုက်ကျော်လွှားနေရခြင်းပင်လျှင် ဘဝဖြစ်လေသည်။

## အချိန်နှင့် အတွေ့အကြုံ

မိမိ၏ တစ်နေ့တာအချိန်ကာလတွင် ပြုမူပြောဆို တွေ့ကြုံခံစားရသမျှတို့ကို နေ့စဉ် ပြန်လည်သုံးသပ်လေ့ရှိသူသာလျှင် အတွေ့အကြုံမှ အမှန်သဘောတရားကို ရောက်ရှိနိုင်လေသည်။

## အစဉ်တစိုက် ဘဝအချိန်

အချိန်ကို လုနေရသောဘဝတွင် အစဉ်တစိုက် နိုးကြားတက်ကြွစွာ အလုပ်လုပ်နေခြင်းဖြင့် ဘဝ၏တာဝန်တို့ကို ထမ်းဆောင်နေရလေသည်။ ဤလောကကြီးကို လုပသာယာစွာ မြင်တတ်သူသာလျှင် သာယာသော ဘဝလှုလှုကို ဖြစ်စေနိုင်ပြီး လောကကြီးကို အပြစ်တင်နာကြည်းမုန်းတီးလာလျှင် ကမ္ဘာကြီးက ထိုသူအား သူ၏အပေါ်၌ မထားဘဲ ဝါးမျိုပစ်လိမ့်မည်။



## တန်ဖိုးနှင့် အချိန်

အချိန်တိုင်းကို တန်ဖိုးရှိအောင်နေ။

## လူတစ်ယောက် အကဲဖြတ်ခြင်း

အလုပ်မရှိသောအချိန်တွင် လူတစ်ဦးတစ်ယောက်၏ ရှေ့အလားအလာကို သိရန်မှာ သူ၏ အားလပ်နေသော အလုပ်မရှိအချိန်တွင်လည်းကောင်း၊ သူ၏ ဆိတ်ကွယ်ရာ၌ တစ်ဦးတည်းနေသောအခါတွင်လည်းကောင်း သူ၏ဓလေ့အကျင့်ကိုသိပြီး အကဲဖြတ်နိုင်လေသည်။

## ဘဝနှင့် အချိန်တန်ဖိုး

အချိန်သည် အမြဲတမ်း ဘဝကို ချေမှုန်းနေသောသဘောရှိကြောင်း သဘောပေါက်ထားသူမှသာ အချိန်၏တန်ဖိုးကို သိရှိကျင့်သုံးတတ်သူ ဖြစ်လာရပေမည်။

## ဘဝနှင့် အချိန်ရှုံးချိန်

ဘဝကိုအလေးအနက်ပြု၍ အချိန်ကို တန်ဖိုးထားပါ။ အလုပ်ကျင့်ကျင့်သုံးမှုမရှိသောသူသည် သူ့ဘဝ၏ တိုးတက်ကြီးပွားရေးကို မျှော်မရစေနိုင်ဘဲ ရရှိထားပြီးဘဝအခြေအနေမှပင် မကြာမီ ပျက်စီးနိုင်လေသည်။ ဘဝ၏အဆုံးသတ်ပဲကိုလည်း မရောက်ဘဲ ရှုံးသွားနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်နှင့် အချိန်တန်ဖိုး

အစဉ်သဖြင့် ထိန်းသိမ်းကွပ်ကဲမှုရှိထားရမည့်သူမှာ မိမိစိတ်ပင်ဖြစ်ကြောင်း၊ မိမိပိုင်ဆိုင်သော အချိန်ပင်ဖြစ်ကြောင်းကို မိမိကိုယ်တိုင် မသိမကျင့်သုံးသူဟူသမျှ ဘယ်သူမှ ထိပ်တန်းသို့ တက်မလာပေ။

## မသုံးတတ်သော လူနှင့် အချိန်

နာရီအချိန်သည် လူကိုမစောင့်။ လူသည် အချိန်ကို စောင့်ရ၏။ ဤသို့စောင့်ခြင်းဖြင့် လူ၏တိုးတက်မှုရှိသောလမ်းကို တားဆီးပိတ်ပင်သလို ဖြစ်တတ်သည်။

## မရေမရာ အချိန်မှုကုန်နှင့်

လူ့လောကသည် ဒုက္ခဘုံဖြစ်သလို ချမ်းသာစရာတွေကာမှ ချမ်းသာအောင်နေရမည်ဟု မရေရာသော မျှော်လင့်စောင့်ဆိုင်းခြင်းဖြင့် အချိန်မကုန်စေသင့်ပါ။

## အချိန်ကို နှမြောရတဲ့နောင်တ

အချိန်ဆိုတာ ဘာမှမလုပ်ဘဲ ထိုင်နေလည်း ကုန်သွားတာပဲ။
အချိန်ဆိုတာ လုပ်ရင်းကိုင်ရင်းလည်း ကုန်သွားတာပဲ။
ကုန်တာချင်းမတူရင် နောင်သိလာလိမ့်မယ်။



အချိန်ကို နှမြောတမ်းတရတဲ့ နောင်တဟာ သိပ်ပူတာပဲလို့ ပညာရှိတွေ ပြောကြတယ်။

## အကန့်အသတ်ဖြင့်သာ ရရှိနိုင်သောအချိန်

ဘဝဟူသည် မွေးဖွားစဉ်မှ သေဆုံးချိန်ထိဟူသော အချိန်ကာလကန့်သတ်ချက်ဘောင်အတွင်း တည်ဆောက်ထားရသောအရာ ဖြစ်ပေရာ အကန့်အသတ်ဖြင့်သာ ရရှိနိုင်သောအချိန်ဖြင့် တည်ဆောက်ထားသည်။ မိမိက အချိန်ကို အဘယ်ကဲ့သို့ အသုံးချခဲ့သည်၊ မိမိက ဘဝကို အဘယ်ကဲ့သို့ ရည်မှန်းချက်ချမှတ်၍ လျှောက်လှမ်းခဲ့သည်ဟူသော အချက်အလက်ပေါ်တွင် မူတည်နေလေသည်။

## တန်ဖိုးရှိသော အခွင့်အရေးကို ရအောင်ယူ

လွန်လေပြီးသော အချိန်ဟူသည့် အခွင့်အလမ်းသည် နောက်ဆုံးထွက်မည့် စာပို့ရထားကြီးနှင့် တူလေသည်။ သို့ဖြစ်၍ ပေါ်လာလျက်ရှိသော အခွင့်အလမ်းကို မြင်အောင်ကြည့်လျက် မလွတ်တမ်း အရယူလိုက်ရလေသည်။

## အခွင့်အလမ်းနှင့် အချိန်

အချိန်အခါ အခွင့်အလမ်းကောင်းဟူသည် ခက်ခဲစရာ သင်ခန်းစာတွေအဖြစ် မြင်နေသူမှန်သမျှ စာပို့ရထားကြီးကို မမီလိုက်သူ

www.burmeseclassic.com

www.burmeseclassic.com



များသာ ဖြစ်ပေလိမ့်မည်။ အခွင့်အလမ်းကောင်းကို မဆုပ်ကိုင်လိုက်မိ၍ တွန့်ဆုတ်မိ၍ ကျန်ရစ်သူတွေ ဤလောကအလယ်တွင် အသာယ်မျှများနေပြီနည်း။

## အောင်လမ်းခရီးနှင့် အလေ့အကျင့်

အအိပ်၊ အစား၊ အလုပ်အကိုင်၌ အချိန်မှန်ခြင်း၊ မကောင်းသော အလေ့အကျင့်တစ်ခုခုကို နိုင်အောင်ထိန်းသိမ်းခြင်း၊ စိတ်ကိုချုပ်ထိန်းနိုင်ခြင်း၊ သူတစ်ပါးတို့၏ကိစ္စ၌ စိတ်ရှည်စွာ ဆောင်ရွက်နိုင်ခြင်း၊ အချိန်ကို ကွက်လပ်မထားခြင်းတို့သည် စိတ်တန်ခိုး အမြဲတိုးတက်စေလေသည်။ ဤအလေ့အကျင့်ကိုရလျှင် သင်သည် အောင်လမ်းခရီးကို တည့်မတ်စွာ လျှောက်သွားနိုင်မည်။

## မိမိဘဝနှင့် အချိန်

မိမိဘဝကို နေ့တိုင်းဆင်ခြင်ပြီး ကောင်းတာလုပ်မိရန် အရေးကြီးသည်။ အချိန်ကို အလဟဿဖြုန်းတီးသူသည် ရရှိထားသော မိမိဘဝကို အညွန့်တုံးအောင် လုပ်နေသူဖြစ်သည်။

## အာရုံအမျိုးမျိုးနောက်သို့ လိုက်မိချိန်မှာ

ကြိုတင်သိမြင်နိုင်စွမ်းမရှိသော လောကဓံတရားသည် မမျှော်လင့်ဘဲ ရုတ်တရက် အချိုးအကွေ့၊ အပြောင်းအလဲဖြစ်တတ်သောသဘောရှိသည်။ ချမ်းသာမှဆင်းရဲ၊ ဆင်းရဲမှချမ်းသာ။ ခေါက်ရှာငှက်ပျံးလောကဓံတရားမျိုးလည်း ရှိသည်။ ဆင်းရဲဒဏ်ခံနိုင်၊ ချမ်းသာဒဏ်မခံနိုင်။ အာရုံအမျိုးမျိုးနောက်သို့ လိုက်မိချိန်မှာ မှားတော့၏။



## ဘဝ၏ နောက်ဆုံးချိန်

မစားနိုင်တော့ဘူး၊ မသွားနိုင်တော့ဘူး၊ မလုပ်နိုင်တော့ဘူး၊ မမြင်နိုင် မကြည့်နိုင်တော့ဘူးဆိုသော အချိန်သည် အဆိုးဆုံးအချိန် ဖြစ်၏။

## စိတ်ထားကို ပြုပြင်ပါ

မဖြူစင်သောစိတ်ထားဖြင့် ဆောင်ရွက်လျှင် နောင်အချိန်မှာ အပူအပင်များ ဝင်လာမည်မှာ သေချာလှပါသည်။

## အားလပ်ချိန်

လူ့ဘဝတစ်လျှောက် အချိန်ရတိုင်း အလုပ်ချည်းလုပ်နေရသည် မဟုတ်ပေ။ အလုပ်ချိန်နှင့် အပန်းဖြေချိန် ခွဲခြားထားရမည်။ အားလပ်ချိန်ပေးခြင်းဖြင့် စိတ်ဓာတ်အားစွမ်းရည်သတ္တိတွေ ပို၍ အားအင်ကြီးမားနိုင်ပြီး အသက်ပင် ရှည်စေနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပညာနှင့် အတွေ့ ရင့်ကျက်မှုအချိန်

အချိန်နှင့်အမျှ နေ့စဉ်တွေ့ထိခံစားချက်များ သူ့ဘဝ၌ တွေ့ထိခံစားမှု Incident ပေါ်တွင် တစ်နေ့ထက်တစ်နေ့ အတွေ့အကြုံရင့်ကျက် ရင့်ကျက်လာရာတွင် Experience များလာပြီး ဆင်ခြင်သုံးသပ် စဉ်းစားဝေဖန်သိမြင်နိုင်သော ပညာဉာဏ် Discrimination ရရှိပြီး ဘဝအသိဉာဏ်ပညာ ခံယူရယူတတ်လာခြင်း၊ အသိပညာအလိမ္မာကိုပင် သဘောတရားရေးရယူချက်ဟု ဆိုလေသည်။

ထိုသဘောတရားကို ကျင့်သုံးတတ်ကျွမ်းခြင်းကိုပင် လက်တွေ့သဘောတရားကျင့်သုံးခြင်းဟူ၍ ဖြစ်လေသည်။

## အချိန်ကို ပမာမထားသူများ

အနည်းငယ်မျှသောငွေကိုလည်းကောင်း၊ အချိန်ကိုလည်းကောင်း၊ အားအင်ကိုလည်းကောင်း ပမာမထားသောသူသည် သူ၏ဘဝ ထိခိုက်မှသာ ခံစားချမ်းသာနိုင်ပေမည်။ မည်သည့်အသေးအမွှားပင်ဖြစ်စေ လိမ္မာစွာ တန်ဖိုးသိတတ်ရလေသည်။

## တိုးတက်အောင် အချိန်လေးစားပါ

လောကကြီးသည် အမြဲတိုးတက်၍နေလေသည်။ သို့ပါ၍ မိမိတို့က တိုးတက်အောင် မကြိုးစားလျှင် အချိန်နှင့်ငွေကို ဝေလေလေ



လုပ်လျှင် လောကကြီးက မိမိတို့အား ချန်ထားပစ်ခဲ့ခြင်းကို ခံရပေမည်။

## သင် ဘာလုပ်မလဲ

တစ်ခဏမျှသောအချိန်ကလေး နောက်ကျမှုကြောင့် အသက်လည်း ဆုံးရှုံးသည့်ဖြစ်ရပ်များစွာ ရှိ၏။

## ကိုယ့်အလုပ်နှင့် ကိုယ့်တာဝန်ချိန်

နေ့စဉ်အလုပ်ချိန်များ၊ လစဉ်အလုပ်တာဝန်များကို ဆောင်ရွက်ရန်ဟူသော ခေါင်းစဉ်ထိုး၍ ရေးဆွဲထားပါ။ စာရွက်ကြည့်ပြီး ဈေးဝယ်သလို တစ်ခုစီကြည့်ပြီးလုပ်ပါက အောင်မြင်ရန် များလေသည်။

## အချိန်နှင့် အကျိုး

ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံးပင် လုပ်စရာတွေ များစွာရှိသော အချိန်နှင့်အမျှ အဖိုးထိုက်တန်လှသည်။ အကျိုးကိုရစေသော အလုပ်တွေ များစွာရှိပါလျက် အလုပ်မလုပ်ဘဲ ဒူးနှံ့ကာ လက်ဖက်ရည်ဆေးလိပ်ခဲပြီးနေသူသည် ၊ကုန်စုံဆိုင်အောက်မှ ကြွက်ကဲ့သို့ပင် ပျက်ဖျင်းသူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ကို မပိုင်သောချိန်

အချိန်ကို လွှတ်ထားတဲ့စွန်လို ပြန်ယူလို့ရလျှင် ကောင်းမည်။

အချိန်ကို ထုခတ်၍ရလျှင် ကောင်းမည်။

အချိန်ကို မြင်းတစ်ကောင်လို ဇောင်းထဲ၌ အစာကျွေးထား၍ ရလျှင် ကောင်းမည်။

အချိန်ကိုသာ ပိုင်စိုးနိုင်ခဲ့လျှင် ဆုံးရှုံးခြင်းဆိုသည် ရှိနိုင်ပါမည်လော။

## ဉာဏ်နှင့် အချိန်ကာလ

လူ၏အသိဉာဏ်မှာ မျှော်မှန်းချက်ထားရှိခြင်းနှင့် အချိန်ကာလကို အောင့်အီးသည်းခံနိုင်ခြင်းလောက်ဖြင့် မပြီးသေးပေ။ ကိုယ့်အားကိုယ် ကိုးစားယုံကြည်မှုဖြင့် အလုပ်လုပ်ရေးမပါလျှင်လည်း ဘာမှ ပြီးမြောက်မည် မဟုတ်ပေ။

## ကိုယ်ကျင့်တရားနှင့် အလုပ်

နေ့စဉ် အချိန်မှန်မှန် အိပ်ရေးဝသူသည် ကျန်အချိန်များကို မရပ်မနား မိမိ၏အလုပ်၌ အသုံးပြုနိုင်လေသည်။

ဦးနှောက်မပျက်နိုင်။ အင်အားမယုတ်နိုင်။ အပျော်အပါးအားကြီးသူသာ ဦးနှောက်အခန်းတွေ ပျက်နိုင်၊ အင်အားတွေ ဆုတ်ယုတ်နိုင်လေသည်။



## အနာဂတ်နှင့် အချိန်

လွန်ခဲ့သောအချိန်ကို ပြန်၍ မတွေးနှင့်။ အနာဂတ်ကို အချိန်တင်ကြို၍ မကြံနှင့်။ ယခုလက်ရှိ တွေ့ရသောအချိန်တို့ကိုသာ နေရာတကျ အသုံးပြုလော့။ နောင်အနာဂတ်အချိန်က အလိုလို ပြည့်စုံလိမ့်မည်။

## တန်ဖိုးရှိသောအချိန်

လူတစ်သက်တာတွင် အချိန်သည် အလွန်အရေးကြီးပါသည်။ ကုန်လွန်ပြီးသောအချိန်ကို မည်သည်နှင့်အမျှ ပြန်မရတော့ပေ။ အကျိုးတစ်စုံတရာမရရှိဘဲ အချိန်ကုန်ဆုံးသွားခဲ့လျှင် ဘယ်အခါမှ ပြန်မရတော့သော ဆုံးရှုံးမှုသည် အလွန်နမြောဖွယ်။

## သတိ၊ အချိန်၊ စည်းကမ်း

သတိကင်းမဲ့ခြင်း အလုပ်ကို မလေးစားခြင်းသည် ပျက်စီးခြင်းပင် ဖြစ်လေသည်။

အချိန်မှန်ခြင်း၊ စည်းကမ်းကျနခြင်း၊ မိမိအလုပ်၌ အာရုံစိုက်ထားခြင်း၊ သေချာခြင်း၊ ဝါသနာပါပြီး ကျွမ်းကျင်အောင် လေ့လာထားခြင်းများမှာ ကြီးပွားတိုးတက်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အချက်ကောင်းနှင့် အချိန်

သင်သည် အချိန်ရတိုင်း သင်၏ အရည်အချင်းပြည့်ဝရေး ကြီးပွားတိုးတက်ရေးအတွက် အလုပ်လုပ်ရမည်။ မည်သည့်အလုပ်မဆို အညာအချက်ကောင်း Neck ချက်ကို သိမြင်အောင် ဂရုစိုက်ပါ။ ချက်ရှိပါသည်။ ထိုအချက်ကောင်းကို ရယူတတ်ရလေသည်။

## အချိန်နှင့် အသက်အရွယ်

လူတို့သည် အသက်အရွယ်တိုင်း၌ တန်ဖိုးရှိလေသည်။ အရွယ်ကပေးသော အသိဉာဏ်နှင့် အရွယ်ကပေးသော တာဝန်များသည် မှချရှိလေသည်။ ငယ်လွန်းသေးသည်၊ ကြီးရင့်သွားပြီ စသည်တို့ကား အရာမဟုတ်ကြောင်း ကမ္ဘာ့သမိုင်းက သက်သေခံလျက်ရှိသည်။

## ပစ္စုပ္ပန်နှင့် အချိန်

အတိတ်ဖြစ်ခဲ့သော အချိန်တွေ၊ အနာဂတ်ဖြစ်လာမည့် အချိန်တွေကို ကျွန်ုပ်တို့ မပိုင်စိုး။ ယခုပစ္စုပ္ပန်အချိန်သာလျှင် ကျွန်ုပ်တို့၏ လက်ဝယ်ရှိပြီး ရတနာမဟုတ်ပါလော။



## နှောင့်နှေးချိန်တွင်

ဖြစ်လိုရာမဖြစ်သေးဘဲ နှောင့်နှေးကြန့်ကြာနေသည့်အချိန်ကာလမျိုးတွင် နှေးကွေးလာဘိဟု ညည်းညူမြည်တမ်းမှု မပြုပါနှင့်။ နားလည်သူ ပီသစွာ စောင့်စည်းသည်းခံပါ။

## တစ်ခဏတာရဲ့ ဘဝအချိန်

အချိန်တိုတောင်းစွာလုပ်ရသော အလုပ်ကလေးသည် သေးမွှားသည် မှန်သော်လည်း ဘဝတစ်ခုလုံးကို အရောင်ခြယ်လှယ် ပြုပြင်နိုင်တယ်။

## သူတစ်ပါးနှင့် ကိုယ်

မိမိကိုယ်ကို သူတစ်ပါးက ကြည်ညိုဖို့ရန်မှာ ခက်ခဲသောအလုပ်ဖြစ်၏။ မိမိကိုယ်မိမိ ကြည်ညိုဖို့ရန်မှာ လွယ်သလိုနှင့် သာ၍ခက်ခဲလေသည်။ မိမိကိုယ်မိမိ ကြည်ညိုနိုင်သောအချိန်၌ သူတစ်ပါးက မိမိအား ကြည်ညိုခြင်း အလိုအလျောက် ရောက်ရှိလာ၏။ ထိုကြည်ညိုခြင်းမှာ မယိမ်းမယိုင်သော ကြည်ညိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘဝနှင့် တိုးတက်မှုတိုက်ပွဲ

သင်သည် နေ့စဉ် အချိန်ရှိသမျှ ဘဝ၏တိုးတက်မှုရအောင် တိုက်ပွဲဝင်နေပါ။ သို့မဟုတ်က ဘဝက သင့်အား နေ့စဉ်တိုက်ခိုက်နေ၍ သင် ကျဆုံးရလိမ့်မည်။

## အသိဉာဏ်အချိန်

ကိုယ်ခန္ဓာ ကိုယ်ပိုင်မဟုတ်တော့ အချိန် နောက်မကျရအောင် အသိဉာဏ်ကို အမြဲကိုင်ထားနေဖို့ လိုမှာဖြစ်သည်။

## အလိုမလိုက်နဲ့၊ အချိန်မဖြုန်းနဲ့

လူတို့သည် ပျို့ရွယ်စဉ်အခါက ပေါ်လာသောလမ်း အခွင့်အရေးကိုဖြစ်စေ၊ ပညာအတတ်တစ်ခုခုကိုဖြစ်စေ ခံယူအသုံးပြုပါက နောင်အခါ အသုံးဝင်အကျိုးခံစားရပေမည်။

သို့သော်

အားလပ်စွာ နေလိုသောစိတ်၊ ပျော်ရွှင်စွာ နေလိုသောစိတ်၊ အပေါင်းအသင်းများနှင့် သွားလာလည်ပတ်နေလိုသော ပျို့ရွယ်သူတို့သဘာဝ အိမ်မလည်လိုသောစိတ်တို့ကို အလိုလိုက်၍ အချိန်ဖြုန်းမိသဖြင့် အိုသောအခါတွင် ဆင်းရဲနောင်တရလျက်ပင် သေဆုံးကုန်ကြရလေသည်။



သို့ဖြစ်၍ ပျို့ရွယ်စဉ်အချိန်ရခိုက် တစ်စုံတရာကို အခွင့်အလမ်းရဆဲ ကြိုးစားကြရသည်။

## အရွယ်နှင့် လုပ်အားချိန်

လူတို့အသက်တွင် ဘယ်အရွယ်မဆို အရွယ်တော်ပင် ဖြစ်လေသည်။ ယခုအချိန်သည်လည်း အချိန်မင်္ဂလာကောင်းပင် ဖြစ်လေသည်။ မိမိ၏ထိုက်တန်သောလုပ်အား ဖြစ်စေရန်မှာ မိမိတာဝန်သာဖြစ်ပြီး ကမ္ဘာကြီးက ကောင်းကျိုးကို တုံ့ပြန်မည်သာ ဖြစ်လေသည်။

## အချိန်တိုင်း တရားကျင့်ရန်

အရွယ်တိုင်းတွင် ရနိုင်သမျှ အချိန်ကိုယူ၍ အသုံးချရန် အလုပ်တစ်ခုရှိသေးသည်။ ယင်းအလုပ်မှာ ပါရမီကုသိုလ်ဖြစ်စေရန် ဘာသာရေးအဆုံးအမများကို မမေ့မလျော့ဘဲ ကျင့်သုံးဆောင်ရွက်ရန် ဖြစ်သည်။

## အခြေခံနှင့် စိတ်ဓာတ်

လုပ်ငန်းတစ်ခု ထမြောက်အောင်မြင်စေရေး၊ ကြီးပွားတိုးတက်ရေးအတွက် အခြေခံအချက်မှာ စိတ်ဓာတ်ခိုင်မာရေးပင် ဖြစ်လေသည်။

ထိုစိတ်ဓာတ်ခိုင်မာစေရန်

၁။ နေ့စဉ် အချိန်တစ်ချိန်အတည်ပြုထားကာ စိတ်ကိုတည်ငြိမ်အောင် ထိန်းချုပ်လေ့ကျင့်ပေးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ နေ့စဉ်ဆောင်ရွက်ရန် လုပ်ငန်းစဉ်ရေးဆွဲပြီး လိုက်လုပ်ခြင်း။
၃။ မိမိ၏အမိန့်ကို မိမိက လေးနက်စွာ မပျက်မကွက် လိုက်နာစေရန် လေ့ကျင့်ပေးခြင်း။
၄။ စိတ်၌ အနှောင့်အယှက်များကို အဝင်မခံခြင်းများ ဖြစ်လေသည်။

## အချိန်နှင့် ငွေ

သူတို့နှစ်ဦးသည် လိုက်တမ်း ပြေးတမ်း ကစားနေကြလေသည်။ အချိန်နှင့် ငွေသည် တစ်ခါတစ်ခါမှာ လိုက်တမ်း ပြေးတမ်းကစားနေသည်လို့ပင် ထင်ရသည်။ အချိန်ကြောင့် ငွေကုန်၊ ငွေကြောင့် အချိန်ကုန်။ အချို့ဆို အချိန်ပေါ်မှာမူတည်ပြီး ငွေများ သောင်းသိန်းချီ၍ စုမိသည်ရှိသကဲ့သို့ အချို့မှာ အချိန်ပေါ်မှာပဲ တဖြည်းဖြည်း သောင်း၊ သိန်းချီ၍ ကုန်သွားရပြန်တာ ရှိကြပြန်တယ်။ အချို့ဆို အံ့သြဖွယ်ကောင်းအောင် နာရီပိုင်းအတွင်း ငွေတွေကုန်ကြရသည်။

## သတိအားမာန်

အောင်မြင်ရန်အတွက် အားမာန်သွင်းသောအချိန်များကို သတိထား။ သေမြေကြီး၊ ရှင်ရွှေထီး သဘောထား။ ဖွဲ့နှင့်သာ အားခဲလုပ်ရန် အားမာန်သွင်း။



## စိတ်ကို မပြောင်းလဲစေနဲ့

တစ်စုံတစ်ခုသော အကြံအစည်ကို သေချာစွာ ကြံစည်စီစဉ်ထားပြီးမှ တစ်စုံတစ်ယောက်က အခြားသောအကြံအစည် အစီအစဉ်တစ်ခုကို လာ၍ပေးသဖြင့် စိတ်ပြောင်းလဲကာ အလုပ်တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲ၍ ကြံစည်လျှင် ထိုအခါ အထူးသတိပညာဉာဏ်ဖြင့် အချိန်ယူပြီး စီစဉ်ပါလေ။ အလုပ် ခဏခဏပြောင်းလဲလေ့ရှိသောသူသည် ထိုကဲ့သို့ ဝေလေ့ရကာ မကြာခဏ အလုပ်ပြောင်းလဲလိုစိတ်ဖြစ်သွားတတ်ပြီး အောင်ခြင်းမှ ကျရှုံးသွားရတတ်လေသည်။

## အကာတာလေး သတိထား

ငါနှင့် သေမင်း ချိန်းထားခြင်း အလျဉ်းမရှိချေ။
တစ်လုတ်ထမင်းစားချိန်တွင်း မယွင်းသေနိုင်ပေ။
အသက်တစ်ရှူ တစ်ရှိုက်မှူ မှတ်ယူသေနိုင်ပေ။

(အံ၊ ဉ၊ ၁၃၅-ပဋ္ဌမ၊ မရဏဿတိသုတ်)

## အချိန်မီ ပြုပြင်လိုက်လျှင်

ရုပ်ဝတ္ထုပစ္စည်းတစ်ခု ပျက်စီးယိုယွင်းလို့ အချိန်မီပြုပြင်လိုက်လျှင် ပြန်ကောင်းလာနိုင်သကဲ့သို့ အတွင်းစိတ်တွေ၊ အသိဉာဏ်တွေ သံချေး

www.burmeseclassic.com

www.burmeseclassic.com



တက်လာသောအခါမှာလည်း မြန်မြန်ဆန်ဆန် တိုက်ချုတ်သေးကြော သုတ်သင်လိုက်မည်ဆိုလျှင် ပြန်လည်ကောင်းမွန်လာနိုင်ပါသည်။

## စိတ်ကူးနှင့် အချိန်

စိတ်ကူးယဉ်နေသူသည် အချိန်ကုန်သွားသည်သာ အဖတ်တင်ပါသည်။ ကောင်းသောအလုပ်လုပ်ရန်အတွက် အစပြုချိန်သည် မည်သည့်အခါမျှ စောသည်ဟူ၍ မရှိ။

## နိယာမအကျိုး

လောက၌ ဘဝတစ်ခုတွင် ဖြစ်ပေါ်လာသော အကျိုးတရားတို့သည် တိုက်ဆိုင်မှုမဟုတ်ပေ။ အကြောင်းတရားတို့က ညီညွတ်ပြည့်စုံလာချိန်တွင် အကျိုးတရားက ပေါ်ရောက်ရှိလာသော နိယာမတစ်ခုပင် ဖြစ်ပါ၏။

## အချိန်နှင့် လူ

အချိန်ဆိုသည်မှာ ပေါ့ဖျက်ဖျက်ဖြုန်းမိပြီးသည်နှင့် ပန်းတိုင်အရောက် လှမ်းမှန်မလျှောက်နိုင် ဖြစ်ကြရပါသည်။ အချိန်ကို ပြန်ယူမရ။ ပြန်၍ကျူး၍မရ။ ယူမရ၊ ကျူးမရဖြစ်တတ်သူတွေ များစွာရှိနေ၏။



## ပြောင်းလဲနေသောအချိန်

လူသည် အပြောင်းအလဲကို လိုလားသည်။ မိမိ၏ ရှိဆဲအခြေအနေကို မရောင့်ရဲ မတင်းတိမ်ပေ။ သို့သော် လူအား တစ်စုံတစ်ခုသော အတိုင်းအတာအချိန်အထိသာ နှစ်သိမ့်ရောင့်ရဲစေသည်။ ထို့နောက် ငြီးငွေ့သွားသည်။

## အရှုံး အနိုင်၊ အလှည့် သတိ

ရှုံးချိန်မှာလည်း မရှူးမိရန် လို၏။
နိုင်ချိန်မှာလည်း မမြူးမိရန် လို၏။
အလှည့်ကျချိန်မှာ မနှဲ့ကျလေနှင့်။

## ကိုယ့်အသက်ကိုယ်ရှူ

သူများနှာခေါင်းပေါက်နှင့် အသက်ရှူသူများသည် သူများအသက်ရှူချိန် ရပ်သွားသောအခါ သူမှာ ရှူချိန်မရတော့၊ လိုက်၍ရပ်သွားတော့၏။

## ချက်ချင်းအိပ်ရာမှထ

အိပ်ရာက နိုးလျှင်နိုးချင်း လှိမ့်နေတတ်သောအကျင့်က စိတ်ကို လေးစေနိုင်ပါသည်။ မကောင်းသောအတွေးများ ဝင်လာစေနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထို့ကြောင့် မနက်ပိုင်းမှာ အိပ်ရာကနိုးလျှင်နိုးချင်း အမျှင်း ထူမနေပါနှင့်။ ချက်ချင်းအိပ်ရာမှ ထပါလေ။

## အချိန်မှန်မှန်ကြိုးစား

ပင်ပန်းစွာ ကြိုးစားပြီး ပင်ပန်းသွားခြင်းသည် မကောင်း။ ပန်းတိုင် ပျောက်၍ ပန်းတိုင်မရောက်။ အချိန်အခါလည်း မရောက်။ အရှိန် အဝါလည်း မတောက်။

အစဉ်အမြဲ အချိန်မှန်မှန် ကြိုးစားနိုင်သော အခြေအနေသာ ကောင်းလှပေတော့၏။

အအိပ်မှန်ခြင်း၊ အစားမှန်ခြင်း၊ အလုပ်မှန်ခြင်း၊ အသွားနှင့်အပြန် အချိန်မှန်ခြင်း။

မိမိလုပ်ရှားရင်ဆိုင်ရသော တစ်နေ့တာ ၂၄ နာရီအချိန်ကို အကြောင်းကြီးငယ် ပေါ်ပေါက်၍ လွဲရသည်မှာသာ လွဲတတ်ပြီး၊ အချိန်မှန်မှန် ပြုစွမ်းတတ်သူမှန်သမျှသည် သာမန်လူများထက်ပင် နေရင်းထိုင်ရင်း၊ စားရင်းသောက်ရင်း မနိုင်းယှဉ်သာအောင် ကွာခြား၍သာ မြတ်အောင် မြင်နေကြတော့၏။



## အချိန်မှန် အိပ်ရာဝင်က

အချိန်မှန် အိပ်ရာဝင်သောခင်ပွန်းသည်သည် ပျော်ရွှင်ရင်ခုန် ဖွယ် အိပ်မက်လှလှပေးသော နတ်သားတစ်ပါးနှင့် တူလှသည်ဟု နိုင်ငံရပ်ခြားဆိုရိုးစကား ရှိချေ၏။

## အချိန်မရွေး လုံ့လပြု

အတတ်ပညာဉာဏ်ကို ဆည်းပူးရာ၌ မည်သူထံမှမဆို မည်သည့် နေရာ၌မဆို အချိန်မရွေး လုံ့လပြု၍ မရုက်မကြောက် ကောက်သင်း ကောက် စုရာသည်။

## အဖျက်အဆီး

အောင်မြင်ခြင်းအတွက် အဖျက်အဆီးများမှာ

၁။ ရှက်တတ်ခြင်း။

၂။ ကြောက်တတ်ခြင်း။

၃။ မိမိအလုပ်ကို မိမိကပင် ဂုဏ်ငယ်သူဟုထင်ခြင်း။

၄။ အသုံးအဖြုန်းကို သိရှိမကျင့်သုံးခြင်း။

၅။ ပျင်းရိတွေဝေခြင်း။

၆။ စိတ်ညစ်လွယ်၊ စိတ်တိုလွယ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၇။ ပင်ပန်းမှုနှင့် အာရုံများ၌ သည်းမခံနိုင်ခြင်း။

၈။ မိမိကိုယ်ကိုမိမိ မယုံကြည်ခြင်း။

၉။ အချိန်ကို မလေးစားခြင်း။

## အချိန်ကို လေးစားသူသာလျှင်

စွဲမြဲသည်းခံခြင်းရှိပြီး အချိန်ကို လေးစားသူသာလျှင် တစ်စုံတရာ ကြီးကျယ်အောင်မြင်ခြင်းကို ရနိုင်လေသည်။ အလုပ်တိုင်းတွင် စွဲမြဲခြင်းသည် အကျိုးပေးမြဲဖြစ်သည်။

## အခက်အခဲကြုံချိန်

ယုန်၏အပြေးမြန်ခြင်းကို ခွေးလိုက်မှ သိရ၏။ ထို့အတူ လူစွမ်းလူစကို အခက်အခဲကြုံချိန်မှ သိရတတ်၏။

## အချိန်ရှိသရွေ့

အချိန်ရှိသရွေ့ နေ့ ညမပြတ် လုပ်ရှားကြိုးစားနေမှသာလျှင် အစဉ်ကြီးမြင့်တိုးတက်ပျော်ရွှင်လျက် နေမည်။ ရေသာခိုလိုခြင်း၊ သက်သာအေးချမ်းစွာ နေလိုခြင်း၊ အခက်အခဲပြဿနာများကို ရင်မဆိုင်ရဲခြင်း၊ ခန္ဓာကိုယ်၊ စိတ်ကို အသုံးမပြုခြင်းသည် သင်၏



ဆုံးရှုံးသော ဘဝအဖြစ်သာလျှင်တည်း။ သို့ဖြစ် ကံကို မယိုးပါနှင့်။ သူတစ်ပါးကို အပြစ်မဖို့ပါနှင့်။ သူတစ်ပါးကို အားမကိုးပါနှင့်။

## နားထောင်ချိန်

စကားဝိုင်း၌ နားထောင်ချိန် အများဆုံးထားပါ။ ပြောလိုလျှင် တစ်ဦးစကားဆုံးမှပြော။ စကားကို အဖြစ်မှန်ထက် ပိုမပြောနှင့်။ စကားကို ကားပြီးပြောခြင်း၊ ပိုပြီးပြောတတ်လျှင် အမှန်ဖြစ်တောင်မှ ယုံကြည်မှုနည်းသည်။ စကားဝိုင်းတွေလျှင် နားထောင်ချိန်အများဆုံးသူ၊ ပိုင်သော၊ နိုင်သော အကြောင်းအရာကိုစွရောက်သောအချိန်မှာ ဝင်၍ပြောပါလေ။

## သေချိန်ရောက်မှ သေရော

သေချိန်ရောက်မှ သေရော၊ သေချိန်မရောက်သေးဘဲ သေရမည့်ကို တွေး၍မကြောက်လေနှင့်၊ ပူပန်သောက မဖြစ်ပါလေနှင့်။ အသက်ရှည်အောင် ကြိုးစားအားထုတ်ရမည်။ သေချိန်မရောက်သေးသမျှ ယောနိသော မနသိကာရနှင့် သေခြင်းတရားရှိသည်ကို အသင့်အတင့် နှလုံးသွင်းပါ။ သေခြင်းတရားကို တရားသဘောဖြင့် ဆင်ခြင်သည်သာ ကောင်းပါ၏။ ကျစိတ်နှင့် မြင်ထင်မသုံးသပ်လေနှင့်။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ကပြန်ပေးသော အကြောင်းအရာ

သင်သည် အချိန်ကို အလကားဖြုန်းတီးပစ်သောကြောင့် အချိန်ကလည်း သင့်ကို ပြန်လည်ဖြုန်းတီးပျက်စီးစေလေသည်။

## ငယ်စဉ်အချိန်ကာလ

ငယ်ရွယ်စဉ်အခါ၌ ဝင်ပန်းဆင်းရဲခြင်းကို ခံရခြင်းသည် ကြီးရင့်သောအခါတွင် ချမ်းသာကိုရရန်၊ အသိပညာဉာဏ် အလိမ္မာတိုးတက်ရန် ဖြစ်လေသည်။

## အချိန်ကို စနစ်ကျစွာ

လူချင်း တူ၏။ စိတ်သဘောထားချင်းလည်း တူညီကြပါ၏။ ဉာဏ်ချင်းမှာလည်း တူကြပြန်ပါ၏။

မတူကြသည်မှာ အချိန်ကို စနစ်ကျစွာ သုံးစွဲသည်ချင်း မတူကြပါချေ။

ဤသို့မတူကြ၍သာ အောင်မြင်တိုးတက်ကြီးပွား အသက်ရှည်မှု၌ပါ ကွာခြားနေကြလေသည်။



## တစ်ယောက်တည်းနေရသောအချိန်မှာ

သင်သည် တစ်ယောက်တည်းနေရအံ့။ ပြဿနာများကို ရင်ဆိုင်နေရအံ့။ ကိုယ်ပိုင်ဉာဏ်ဖြင့် တစ်ယောက်တည်း ကြံနေရသော အခက်အခဲကို ဖြေရှင်း၍မရနိုင် ဖြစ်နေအံ့။ ထိုအခါကျမှသာလျှင် ဆရာသမားနှင့် မိတ်ဆွေသင်္ဂဟတို့၏ တန်ဖိုးကို သိလာလိမ့်မည် ဖြစ်သည်။ လောကီလူ့ဘောင်ထဲတွင် အထီးကျန်ဘဝဟူသည် အလွန်တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှ၏။

## နေ့စဉ် အချိန်တိုင်းပြနေ

လောက၌ ရှိရှိသမျှသော အလုံးစုံသော သက်ရှိသတ္တဝါတို့ကလည်းကောင်း၊ သက်မဲ့ဝတ္ထုပစ္စည်း၊ တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင်အပေါင်းတို့ကလည်းကောင်း နေ့စဉ် အချိန်တိုင်း သဘာဝသဘောတရား အဘိဓမ္မာများကို ထုတ်ပြလျက် ရှိနေပေသည်။ ထိုသဘာဝ ဓမ္မစုကို မှတ်ရှုဉာဏ်ဝင်စားပါလျှင် သင်၌ အဘိဓမ္မာရပ်ပညာများ ပြည့်ဝမည် ဖြစ်လေသည်။

## နှစ်ကာလအချိန်တွေကုန်ပြီး

လောက၌ ပေါ့ပေါ့စား ပေါ့ပေါ့သွားနေသူတို့မှာကား မှုပြာပြာ ပြာမှုံမှုံ မသဲမကွဲ ဘဝအခြေအနေ၌သာ တစ်ရစ်ဝဲဝဲ လည်ဝဲလည်လည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြပြီး နှစ်ကာလအချိန်တွေကုန်ကြ၍ ကြီးပွားအောင်မြင်ခြင်းကို အိပ်မက်ပင် မက်မသွားနိုင်ကြချေ။

ပေါ့ပေါ့တား၊ ပေါ့ပေါ့နေ၊ ပေါ့ပျက်ပျက် တွေးကြသဖြင့် အိပ်မက်တွေကလည်း ပေါ့သေးသေးသာ မက်ကြလေတော့၏။

## ယနေ့ခေတ်အချိန်ကာလသစ်မှာ

အောင်မြင်မှုအထွတ်အထိပ်သို့ရောက်ရန် အပြိုင်အဆိုင် အနိုင်ကြိုးစားနေကြသော ယနေ့ခေတ်အချိန်ကာလသစ်မှာ၊ I.T ခေတ်မှာ လူစွမ်းလူစနည်းပါး၍ ပျော့ညံ့သူတို့မှာ နေရာမရနိုင်ကြဘဲ နည်းမှန်လမ်းမှန် ဇွဲသန်သန်နှင့် ကြိုးစားကြသူများသာ ကြီးမြင့်သောနေရာသို့ ရောက်နိုင်ကြသည်ကို တွေ့မြင်နေကြရချေ၏။

## အချိန်နှင့် လှိုင်း

အချိန်၊ လှိုင်းနှင့် ရေကြီးခြင်းသည် မည်သူ့ကိုမှ မစောင့်ပါ။

## သဒ္ဒါတရားတည်းဟူသော နှတ်ပန်း

လောက၌ သဒ္ဒါတရားတည်းဟူသော နှတ်ပန်းကို အခါခပ်သိမ်းအချိန်တိုင်း ဆင်မြန်းထားသူအား အဘယ်မည်သော အခက်အခဲ လောကဓံဆိုးမှ မတိုက်ခိုက်နိုင်ပေ။ စိတ်ကောင်း စေတနာကောင်း



ဟူသော ယောနိသော မနသိကာရ နှတ်ပန်းကား ဘဝလောစကော့မှု ဒိဋ္ဌဓမ္မအကျိုးခံစားရမြဲ ဖြစ်လေသည်။

## ကောင်းလှည့်ရောက်က ကောင်းကံအချိန်

ကောင်းတာပြုခဲ့ ကောင်းကံအချိန်
ကောင်းကျိုးတွေရ ကောင်းလှအကြိမ်
ကောင်းလှည့်ရောက်က သုခမမိုန်
ကောင်းကျိုးထွား ဝင့်ကြွားတာထိန်ထိန်
ကောင်းသောကံတို့ ရောက်လာချိန်။

## မရှိဘဏာအချိန်လား

လူကျန်းမာ၏ သို့သော် ဥစ္စာကား မပြည့်စုံ၊ သို့ရာ၊ အပေါင်းအသင်းနှင့် နေထိုင်တတ်၏။ ဉာဏ်ပညာ ချင့်ချိန်နိုင်သည်။ ထို့ကြောင့် တစ်နေ့တာလုပ်ချိန်ကရသည်ကို တစ်နေ့စား၊ တစ်လတာလုပ်စာ တစ်လစားနေရသော်လည်း ကြည်ကြည်လင်လင် ပြုံးပြုံးရွှင်ရွှင် ကျက်သရေမင်္ဂလာရှိသူများ အောင်မြင်မှုလက်ဝယ်မိုင်ပိုင် ရရှိနေသူများလည်း လောက၌ ရှိကြချေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အောင်မြင်နေချိန်

အောင်မြင်နေချိန်ဆိုသည်ကို အချုပ်ဆိုရလျှင် ဘဝ၏ အစဉ်မြဲ ပြောင်းလဲနေသော ပတ်ဝန်းကျင်အခြေအနေများနှင့် သဟဇာတဖြစ်အောင် နေထိုင်နိုင်ခြင်းသည်သာ အောင်မြင်မှုအစစ်ဟု သတ်မှတ်ရမည် ဖြစ်၏။

## အချိန်အခါရောက်၊ အရှိန်အဝါတောက်

ဘယ်အလုပ်မဆို ပထမ ခံယဦးမည်။ အခက်အခဲ တွေ့မည်။ အချိန်အခါမရောက်သေးဘူး။ အချိန်အခါမကျသေးချိန်ဟုလည်း ပြောလို့ရသည်။ ဤသည်ကို မလျှော့သောဆန္ဒနှင့် အကြိမ်ကြိမ်ဉာဏ်ထုတ်၍ ကြိုးစားလျှင် အောင်မြင်ရမှာဖြစ်၏။ လောက၌ ဉာဏ်နှင့် ဝီရိယရှိသူသာ မည်သည့်ကိစ္စကိုမဆို မအောင်မြင် မပြီးစီးသည်မရှိချေ။ အချိန်အခါရောက်သောအခါ အရှိန်အဝါတောက်လာကြတော့သည်။

## ပစ္စုပ္ပန်အချိန်၌

နေရာတကာ၌ ရှေးကံကိုချည်း အားကိုးနေ၍မဖြစ်။ ထကြွလုံ့လဖြင့် ပစ္စုပ္ပန်အချိန်၌ ဉာဏ်ကိုစေစား၍ ကြိုးစားနိုင်ပါမှ တော်ကြသည်။ ရှေးကံကြမ္မာက မြင်နိုင်သောအရာမဟုတ်။ မျှမြင်နိုင်သောအရာလည်း မဟုတ်ပေ။ ရှေးကံ၊ ကံကြမ္မာ မည်သို့ပင် ပါလာစေကာမူ အကြံဉာဏ်၊ ဝီရိယ၊ လုံ့လနှင့် ပြည့်စုံသောသူသည် အကျိုးခံစားရသည်သာ ဖြစ်၏။



## လူ့ဘဝရောက်ချိန်ရောက်ခိုက်

ရရှိထားသော လူ့ဘဝရောက်ချိန်ရောက်ခိုက်မှာ ကောင်းသောနည်းဖြင့် ရှာမှီး၍ လုပ်ကိုင်ကြရန်နှင့် နောင်တမလွန်ဘဝကာလကောင်းမွန်လာရန် လုပ်ငန်းများကို ကောင်းသောနည်းဖြင့် အချိန်တိုင်း အချိန်တိုင်း မမေ့မလျော့ဘဲ လုပ်ကိုင်ရန် လိုအပ်လှ၏။

## ထိပ်တန်းရောက်ချိန်

ထိပ်တန်းရောက်ချိန်၌ ကြီးစွာ သတိထားရမည်။ မရောက်ခင်အချိန်များထက်ပို၍ သတိတရားကြီးမားရပေမည်။ အချို့မှာ ထိပ်တန်းရောက်ချိန်၏ နောက်ဆက်စခန်းမှာ ဘိတ်စခန်းပြန်ရောက်သွား၍ဖြစ်၏။ ထိပ်တန်းမှာမနေရတတ်၍ အနေကြပ်ကြရလေ၏။

## အတိတ်ချိန်မှ အရိပ်မှိုန်ကို ဖယ်ရှား

လူတွင် မကောင်းသောအကျင့်၊ မကောင်းသောအကြံ၊ မကောင်းသောအစွဲများ ရှိတတ်၏။ လောကီသားပီပီ အမှားလည်းရှိ၏။ မကား

www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ငြိ၏။ လူပိုပို တစ်ချိချို များရှုမက အလီလီပါ များသည် လူ့ဘဝမှာ မကောင်းသောအကျင့်၊ အကြံ၊ အစွဲတွေ ကုန်လာလေလေ နေရတိုင်းရသည်မှာ ရဲဝံ့သွက်လက်လာလေလေအဖြစ်သို့ ရောက်တော့၏။ မလိုလားအပ်သော အတိတ်မှအရာများကို ဖျက်ရမည်၊ ဖယ်ရမည်၊ ဖျက်ဖယ်ပြင်၍ အနာဂတ်ကိုသွားသောခရီးမှာ ပို၍ သွက်လာသလို ထက်လည်းထက်လာသည်မှာ ကောန်မှု၍။

## တက်၊ ပျက်၊ ဖက်

အမိုကောင်းမှိရချိန်၌ တက်။
အမိုမကောင်းချိန်ရောက်တော့ ပျက်။
လူမိုက်ကိုရှောင်၊ လူလိမ္မာကိုဆောင်။
အမိုကောင်းရလျှင် သစ္စာရှိစွာနှင့် ဖက်ပါလေ။

## အချိန်အစအန

အချိန်အစအနာ အချိန်တိုလေးတွေကအစ သတိထားနေမှ ဖြစ်၏။ နေရာတိုင်းမှာ အချိန်သာ လွန်စွာအရေးကြီးသည်။



## တစ်ချိန်ပြီးတစ်ချိန်

လုံ့လပါရမီဆိုသည်မှာ မိမိကိုယ်တိုင်က ပြုကျင့်ပေးမှသာ တစ်ဆင့်ထက်တစ်ဆင့်၊ တစ်နေ့ထက်တစ်နေ့၊ တစ်ချိန်ပြီးတစ်ချိန် တိုးတက်ရင့်သန်လာတဲ့ တရားသဘာဝဖြစ်ပါသည်။

## အချိန်ရှိသရွေ့ ရှုပ်ထွေးပွေလီနေသဖြင့်

လောကကြီးသည် အချိန်ရှိသရွေ့ ရှုပ်ထွေးပွေလီနေပါသည်။ ထို့အတွက် လုံ့လ၊ ဇီရိယမရှိဘဲ အမှုမဲ့ အမှတ်မဲ့နေလျှင် ရှုပ်ထွေးနေသမှုတွေထဲက ရုန်းထွက်နိုင်မှာမဟုတ်။ အဖြေသည်လည်း ရှာလို့ရမှာ မဟုတ်ပေ။

အချိန်ရှိသရွေ့ ရှုပ်ထွေးပွေလီနေသဖြင့် အခြေအလှသော်လည်း အနေလှအောင်ဆိုသောသဘောနှင့် လုံ့လစိုက်ရမည်။ ကကိုသွားပြီး ယိုးမယ်မှဲ့မနေလေနှင့်။

## လောကကြီးက အချိန်ကိုစားပစ်

လူတွေ ထမင်းစားပစ်သကဲ့သို့ လောကကြီးက အချိန်ကိုစား၍ ပစ်တယ်။ အချိန်ရှိခိုက် လုံ့လမစိုက်လျှင် သုံးမရသောအမှိုက်သို့မဟုတ် အမိုက် ဖြစ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ကာလကို တန်ဖိုးထားတတ်လျှင်

အချိန်ကာလကို တန်ဖိုးထားတတ်လျှင် လောကီမှာရော၊ လောကုတ္တရာမှာပါ အကျိုးဖြစ်ထွန်းစေပါ၏။ မိနစ်၊ စက္ကန့်ဆိုသော အချိန်ကလေးမျှကိုပင် တန်ဖိုးထားတတ်လျှင် အကျိုးကြီးစွာ ဖြစ်ထွန်းချေသည်။

## လောကဓံ့ကောင်း ဆိုး တွေ့ရချိန်တိုင်းမှာ

လောကကြီးကလည်း လောကဓံနောက်ကို လိုက်နေပါသည်။
လောကဓံကလည်း လောကကြီးနောက်သို့ လိုက်နေ၏။
ကောင်းဆိုးနှစ်တန်၊ လောကဓံ၊ အမှန်ကြုံမြဲလေ။
မကြုံချင်လည်း ကြုံရမြဲ ရှောင်မလွှဲနိုင်ပေ။
အတက်အကျ စနစ်ကျ နှစ်ဖက်မျှကြည့်လေ။
မကြည့်တတ်၍ ဒုက္ခတွေ့ မပျော်မွေ့ကြပေ။
သံသရာထဲ ကောင်းဆိုးတွဲ တလဲလဲလှည့်နေ။
အမြဲချည်းသာ မရှိတာ၊ စိတ်မှသိပါလေ။
အလှည့်ကျက နွံမရ၊ ဘဝင်မကြွားပေ။



## အဘယ်အခါ

အဘယ်အခါဟူ၍ မသေချာ။ တစ်နေ့နေ့တော့ ကြီးပွားမှာပဲ။ တစ်ခုခုတော့ ဖြစ်မှာပဲဟူသော မျှော်လင့်ချက်မှာ ဘာမှန်းမသိသော ကြောင့် ဘာမှမဖြစ်ထွန်းနိုင်ကြောင်း သိရှိရမည်။

## စိတ်က မလုပ်ချင်ချိန်မှာ

နေ့စဉ်ကျင့်ဆောင်ရန် အစီအစဉ် မာတိကာအတိုင်း ကျင့်သုံးရှက်ဆောင်နိုင်ကြသလို စိတ်က မလုပ်ချင်သောအရာများကိုလည်း ဆန့်ကျင်ဘက်ပြုကာ ပြုလုပ်တတ်သောအလေ့ကိုပါ ကျင့်သုံးပါက အခြေခံစိတ်ဓာတ် ခိုင်မာပြီးအောင် စိတ်ကို ရစေနိုင်လေသည်။ အောင်ခြင်းမှာ မိမိက လုပ်ယူရခြင်းသာဖြစ်ပြီး သူတစ်ပါးက မပေးအပ်နိုင်။

## အောင်မြင်ချိန်ရောက်ရန်

၁။ အလုပ်လုပ်ချိန်တိုင်းမှာ စိတ်ရောကိုယ်ပါ ကြိုးစားပမ်းစား အလုပ်လုပ်ကိုင်ရန်၊ (ဘုရားရေး၊ တရားရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ အချစ်ရေး၊ ဘာအရေးပင်လုပ်လုပ် အချိန်တိုင်းမှာ နှာမ်ရော၊ ရုပ်ပါ ကြိုးစားပမ်းစားလုပ်ခြင်း)

www.burmeseclassic.com

www.burmeseclassic.com



၂။ အချိန်အခါမကျသေး၊ မဟန်သေး၊ မထူးခြားသေးလျှင် ပြန်လည်ဖြင့်ဆင်၍ လိုက်လျောက်ဖြည့်ပြီး ကြိုးစားလုပ်ယူရန်။

၃။ အလုပ်လုပ်ချိန်မှာ စကားကိုနည်းနည်းသာပြောပြီး လိုအပ် သလောက်သာ ပြောပြီး ချိန်ချိန်ဆဆပြော၍သာ လုပ်နေ ရန်။

၄။ အချိန်ကို အကျိုးရှိအောင် အချိန်မဖြုန်းမိဘဲ သုံးမိအောင် အမြဲ သတိမလစ်အောင်ထား၍ လုပ်ရန်။

၅။ အချိန်၊ စည်းကမ်းမထားသော စီးပွားမျိုးက မကြီးပွား မတိုးတက်တတ်မှန်း သိထားရန်။

၆။ အောင်မြင်ရန် အလုပ်မှာ ထီထိုးတာမျိုးမဟုတ်။ အချိန် အခါကပေးသော အကျိုးရလဒ်ဟု သိထားရန်။

၇။ အိပ်ရာဝင်၊ အိပ်ရာထ၊ အလုပ်စ၊ အလုပ်သိမ်း အချိန်မှန် ဖြစ်နေရန် လိုအပ်။

## အောက်ကျနောက်ကျဖြစ်ရပုံက

အချို့သည် အောင်မြင်နိုင်ပါလျက် အချိန်ကို မလေးစား၍သာ အောက်ကျနောက်ကျ ဖြစ်နေကြတော့၏။



## အချိန်ဖြုန်းသမားကို အကြောက်ဆုံး

အချိန်၏တန်ဖိုးကို ကောင်းစွာသိရှိပြီး အသုံးပြုနေသူတို့သည် လာရောက်ပြီး အချည်းနှီး အချိန်ကို လာရောက်ဖြုန်းတီးနေတတ်သူ များကို အကြောက်ဆုံးပင် ဖြစ်လေသည်။ အချိန်ကို ရယူအလုပ်လုပ် နေသူများအား သွားရောက်ဖြုန်းတီးခြင်းမှာ မိမိအတွက်ပါမက အများ အတွက်ပါ ဆုံးရှုံးရတတ်လေသည်။

## အချိန်အလေးပေးခေတ်

ယခုခေတ်သည် အချိန်ကို အလေးပေး၍ ဆောင်ရွက်နေကြရ သောခေတ် ဖြစ်လေသည်။ ညှိသည့်အဖြစ် တစ်စုံတရာကိစ္စအတွက် ရောက်လာရလျှင် စကားကို စပ်မိအောင်ပြုပြီး လိုရင်းကို ရှင်းလင်း ပြောပြရမည်။ ကိစ္စပြီးလျှင် အခြားသောနည်းဖြင့် သူတစ်ပါး၏ အဖိုးတန်သောအချိန်ကို မဖျက်ဆီး ပြန်သွားရမည်။

## အချိန်တန်ဖိုး ကျင့်သုံးသူ

အချိန်ကာလများကို အချည်းနှီးကုန်ဆုံးကြခြင်းသည် မိမိ၏ အသက်ပမာဏကဲ့သို့ သိမြင်သူတို့သာလျှင် အချိန်၏တန်ဖိုးကို လေးမြတ်စွာ ကျင့်သုံးသူ ဖြစ်နိုင်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘဝ၏အပြစ်ဒဏ်မှာ

ငယ်စဉ်(ပထမအရွယ်နှင့် ဒုတိယအရွယ်)၌ အလုပ်ကောင်းစွာ မလုပ်ခဲ့လျှင် အသက်ကြီးမှ ဒုက္ခအမျိုးမျိုး ရောက်နေလိမ့်မည်။ ဘဝ၏ အပြစ်ဒဏ်ခတ်ခြင်းခံနေရသူဖြစ်ကြောင်း ငယ်စဉ်က အလုပ်မလုပ်ခြင်းများက သက်သေခံလျက် သိရှိလိမ့်မည်။

## ယနေ့အောင်မြင်နေသူတို့သည်

ယနေ့အောင်မြင်နေသူတို့သည် ငယ်စဉ်ကပင် ရည်ရွယ်ချက်ဖြင့် အချိန်မှန်မှန် ကြိုးစားအားထုတ်ခဲ့၍သာ အောင်မြင်မှုအသီးအပွင့်တို့ကို ဝေဝေဆာဆာ ခူတ်ယူစားသုံးနိုင်ခြင်းဖြစ်ပေရာ၏။ အောင်မြင်လို၍ အချိန်နှင့်အမျှ ကြိုးစားခဲ့ကြသည်သာ ဖြစ်၏။ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး အစရှိသည်တို့တွင်လည်း အောင်မြင်မှုရလိုလျှင် အချိန်နှင့်အမျှ ဆိုင်ရာဆိုင်ရာတို့ကို ကြိုးစားရာသည်။

## အိပ်ရာဝင်သောအချိန်အခါတွင်

နံနက်တစ်နံနက်မှစ၍ တစ်နေ့လုံး ပြုလုပ်ရမည့် လုပ်ငန်းစဉ်ကို ဇယားချပြီး ပြုလုပ်ခြင်းနှင့် ညအိပ်ရာဝင်သော အချိန်အခါတွင် တစ်နေ့လုံး၏ အကြောင်းအရာများကို အသေးစိတ် ပြန်လည်စဉ်းစား၍ စစ်ဆေးကာ အမှားအမှန်ကို လိုအပ်ချက်၊ ပိုသွားချက်များပါ စိစစ်



သုံးဖြတ်လေ့ရှိပါက နောက်တစ်နေ့အတွက် အစီအစဉ်ပါ ပိုမိုကောင်းမွန်ထူးခြားလာရခြင်းဖြစ်လေသည်။

## ဘယ်အချိန်အခါမှာမှ

ယနေ့မောပန်းသော်လည်း မနက်ဖြန် အမောပြေပြီး အားတက်၍ လာနိုင်သည်။ သည်တစ်ပတ်ရှုံးသော်လည်း နောက်တစ်ပတ်အောင်မြင်နိုင်အောင် စိတ်အားသည် အခြားအားထက် ခရီးပိုမိုရောက်တတ်သည်။

စိတ်သည် ကိုယ်၏ရှေ့သွားဖြစ်၏။ စိတ်မပါလျှင် ကိုယ်လည်းမပါ။ စိတ်ရောကိုယ်ပါမလုပ်သမျှ ဘယ်အချိန်အခါမှာမှ အောင်မြင်အရာရောက်မည် မဟုတ်ပါ။

## အချိန်ပြည့်လုပ်နိုင်မည့်လူသာလို

လောက၌ အလုပ်မရှိ ဟူသောစကား၏အဓိပ္ပာယ် လုံးဝမရှိပေ။ အလုပ်မလုပ်ခြင်းဟူသော အဓိပ္ပာယ်သာ ထွက်၏။ လောကကြီးတွင် လုပ်စရာအလုပ်တွေ အပြည့်ရှိ၏။ အချိန်ပြည့်လုပ်နိုင်မည့်လူသာလိုသည်။ မျက်စိအမြင်မရှိသူတွေအတွက်သာ လုပ်စရာမရှိ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အလုပ်အာရုံစိုက်ချိန်မှာ

အလုပ်ကို အာရုံစိုက်လုပ်နေမိချိန်မှာ

၁။ ပျင်းရိထိုင်းမှိုင်းမှု။

၂။ မကောင်းမှုအကုသိုလ်စိတ်။

၃။ အလိုရမ္မက်ကြီးသောစိတ်။

၄။ အနာဂတ်အတွက် ပူပန်စိတ်။

၅။ တော်ရုံတန်ရုံရောဂါဝေဒနာနှင့်

၆။ စီးပွားရေးအဆင်မပြေဟူသော အကြောင်းအကျိုးအမြစ် ၆ မျိုးမှ လွတ်မြောက်စေ၏။

## အချိန်တိုင်းမှာ သမာသမတ်ကျပါစေ

အချိန်ကာလတိုင်း၊ အရာရာတိုင်း၊ အကြောင်းကိစ္စတိုင်း အညီအမျှထားသောစိတ်ဖြင့် မစွဲမြန်ကျကျသိနေအောင် သတိဆောင်ခြင်းသည် ဥပေက္ခာဝေဒနာဖြင့် ရှုပွားခြင်းဖြစ်၏။ ဒိဋ္ဌေဒိဋ္ဌမတ္တံနည်းလမ်းဖြစ်၏။

## စက္ကန့်အချိန်ပိုင်းလေးတွေ ပြောင်းလဲမှုတစ်ခု ဖြစ်နိုင်၏

အချိန်အတိုအစလေးများကို တစ်စစီကောက်၍ အသုံးပြုမန်များလေသော် စုပေါင်းမိပါက အဖိုးတန်မြဲဖြစ်လေသည်။



## မိမိ၏စိတ်

အစဉ်သဖြင့် အချိန်ပြည့် ထိန်းသိမ်းကွပ်ကဲမှုအမြဲပြုရမည့်သူမှာ မိမိ၏စိတ်ပင်ဖြစ်ကြောင်းကို မိမိကိုယ်တိုင် မသိ၊ မကျင့်သေးသူဟူသမျှ ဘယ်သူမှ ထိပ်တန်းသို့ ရောက်မလာနိုင်ပေ။

## အချိန်ကုန်လွန်သွားတတ်

ငယ်ရွယ်သူများသည် အာရုံထွေပြား အချိန်ကုန်၍နေကြားအံ့။ ထိုသူမျိုးတို့ ကြီးပွားတိုးတက်ရန် မဖြစ်နိုင်ပေ။ ကြိုးစားလုပ်ဆောင်ရန် အချိန်ကုန်လွန်သွားတတ်ကြသဖြင့် သတိတရားရှိစဉ်တွင် ဉာဏ် ဝီရိယ စိုက်ထုတ်လျှင် အကျိုးခံစားရနိုင်သေးလေသည်။

## အရေးကြုံချိန်မှာ

အရေးကြုံချိန် သက်လုံကောင်းရန် အရေးကြီး၏။ အရေးကြုံချိန် ဒုက္ခနှင့် ရင်ဆိုင်တိုးချိန်မှာ ပျော့ညံ့နေသောသူသည် အမှန်တကယ်ပင် ပျော့ညံ့သူဖြစ်ချေသည်။ စဉ်းစားဉာဏ်ရှိက ကြုံလာမည့်အရေးဒုက္ခကို ရှောင်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



## မစတင်သေးခြင်းသာ

အကောင်းဆုံးဖြစ်အောင်လုပ်ရန် အချိန်သည် နောက်ကျရိုးထုံးစံ မရှိ။ ကိုယ်က ပြုပြင်နောင်တရပြီး စတင်လုပ်သောအချိန်မှာ အကောင်းဆုံးအချိန်ပင်။ နောက်ကျသွားပြီဟု ယူဆ၍မရ။ မစတင်သေးခြင်းဟုသာ ဆိုရမည်။

## လက်ရှိအချိန်သာ

အတိတ်ဖြစ်သောအချိန်တွေလည်း ဆုံးရှုံးရပြီ။ အနာဂတ်ဖြစ်မည့်အချိန်ကိုလည်း ကျွန်ုပ်တို့ မပိုင်စိုး။ ယခုပစ္စုပ္ပန်အချိန်သည်သာလျှင် ကျွန်ုပ်တို့၏ လက်ဝယ်ရှိပြီးရတနာ မဟုတ်ပါလော။ ထိုလက်ရှိအချိန်ကို ကောင်းမြတ်စွာ အသုံးပြုနိုင်စွမ်းရေးသည်သာ ကျွန်ုပ်တို့တာဝန်ဖြစ်လေသည်။

BURMESE CLASSIC .com

## အချိန်နှင့်အမျှ အစဉ်ပြောင်းလဲနေ

ပြုပြင်လေ့ကျင့်မှုမရှိသော ရုပ်ရည်နှင့်ဟန်ပန်သည် ကြီးပွားတိုးတက်အောင်မြင်ရန် စိတ်ဓာတ်မတည်ကိန်းသောကြောင့်သာ ဖြစ်လေရာ အစဉ်ကြီးပွားတိုးတက်ခြင်းကို လိုလားသူတို့သည် မိမိ၏ စိတ်ဓာတ်၊ မိမိ၏ကိုယ်ခန္ဓာတို့ကို အမူအကျင့်ပြောဆိုပုံနှင့်တကွ လေ့ကျင့်ခန်းပြုရမည် ဖြစ်လေသည်။ လူ့ဘဝဟူသည်မှာ နဂိုအတိုင်း



မဟုတ်ဘဲ အချိန်နှင့်အမျှ အစဉ်ပြောင်းလဲနေသောကြောင့်သာလျှင် မိမိ၏အလေ့အကျင့်တို့သည် ပြုပြင်ပြောင်းလဲကျင့်သုံးကြရမည် ဖြစ်လေသည်။

## လွန်တဲ့အချိန်က အဖြစ်ဆိုး

ကုန်လွန်သွားပြီဖြစ်သောအချိန်က အဖြစ်ဆိုးများကို ဝမ်းနည်းကြေကွဲ တမ်းတမှုတွေ မဖြစ်ပါနှင့်။ ဖိတ်သွားခဲ့ပြီးသော နို့ကို သောက်၍မရတော့ပါ။ ကွဲပြီးသွားသောပန်းကန်ကိုလည်း ဆက်၍မရတော့ပါ။ ဘာမှပြန်လုပ်မရသောအရာအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်ခြင်းက ထပ်မံပြီး အဖြစ်ဆိုးနှင့် ဆက်လက်ပေါင်းသင်းတွေ့ဆုံနေခြင်းပင် ဖြစ်၏။

## တိုက်ဆိုင်မှုမဟုတ်ပေ

လောက၌ ဘဝတစ်ခုတွင် ဖြစ်ပေါ်လာသော အကျိုးတရားတို့သည် တိုက်ဆိုင်မှုမဟုတ်ပေ။ အကြောင်းတရားတို့က ညီညွတ်ပြည့်စုံလာချိန်တွင် အကျိုးတရားက ကောင်းရောက်ရှိလာသော နိယာမတစ်ခုပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အဘယ်အချိန်၊ အဘယ်အခါ

ကုသိုလ်တရားကိုပြုရာ၌ အိုလွန်းပြီ၊ နောက်ကျသွားပြီဟူ၍ မရှိ သကဲ့သို့ ဗဟုသုတအတတ်ပညာနှင့် အသိပညာကို ရှာဖွေရာ၌လည်း အိုသွားပြီ၊ နောက်ကျသွားပြီဟူ၍ မရှိပေ။ လောကတွင် အကြောင်း တစ်ခုကို ရိုးမယ်ရာ၍ ဆင်ခြင်ပေးလေ့ရှိခြင်းသည် ပျင်းရိညံ့ဖျင်းသော သူများ၏ဉာဉ်သာဖြစ်လေရာ အဘယ်အချိန်၊ အဘယ်ကာလ၌ ဘယ် နေရာ၌မဆို ပညာကို ရှာဖွေဆည်းပူးရန် အချိန်တော်ပင် ဖြစ်လေသည်။

## အကုန်လုံး တစ်ချိန်တည်းလိုချင်လျှင်

အကုန်လုံးကို တစ်ချိန်တည်း၌ဖြစ်လိုက တစ်ခုမျှပင်မဖြစ်နိုင် တစ်ခုဆီကို အချိန်ပေးရပေမည်။

## မဆိုင်သည်ကိုလုပ်၍ အချိန်ကုန်

မကြီးပွား မတိုးတက်သူများသည် မိမိဘဝ၊ မိမိမိသားစု၊ မိ ရပ်ရွာအတွက် အရေးကြီးသောအလုပ်များကို မလုပ်ဘဲနှင့် မဆီမဆိုင် သောလုပ်ရပ်များကို လုပ်ကြပြီး တန်ဖိုးရှိလှသောအချိန်များကို ကုန် သဖြင့် စံလွဲရှုံးသွပ်နေသူဟု သတ်မှတ်ရပေလိမ့်မည်။



## အချိန်ကာလရတနာ

လောက၌ ရတနာအပေါင်းတို့တွင် အချိန်ကာလတည်းဟူသော ရတနာသည် အဖိုးထိုက်တန်ဆုံး ဖြစ်လေသည်။ တစ်ခဏမျှသော အချိန်ကလေး နောက်ကျမှုကြောင့် အသက်လည်း ဆုံးနိုင်သည်။ စစ်ပွဲ လည်း ရှုံးနိုင်လေသည်။

## အချိန်ပိုကလေးမှာ

ဝါသနာပါရာတစ်ခုခုကိုလည်း အပိုအလုပ်အနေဖြင့် အချိန် မှန်မှန် လေ့လာခံယူခြင်းအမှုကို ပြုရလေသည်။ အချိန်ပိုကလေး ထားကာ ထိုသို့ပြုခြင်း၏အကျိုးကျေးဇူး မုချခံစားတိုးတက်နိုင်ခြင်းကို တွေ့ရှိရပေမည်။

## တစ်မိနစ်ပင်ဖြစ်စေ

အဖိုးတန်လှသောအချိန်များကို တစ်မိနစ်ပင်ဖြစ်စေ ပေါ့ပေါ့ဆဆ မကုန်ဆုံးထိုက်ပေ။ အလဟဿကုန်ဆုံးခဲ့သောအချိန်များကို ပြန်တွေး လျှင် လက်ရှိတစ်မိနစ်သည် မည်မျှအဖိုးတန်သည်ကို တွေ့ရပေလိမ့် မည်။

www.burmeseclassic.com

www.burmeseclassic.com



## ကောင်းကောင်းအချိန်ယူလုပ်မှ

စွဲစွဲမြဲမြဲ နိုင်နိုင်မာမာ၊ ပြုံးပြုံးရွှင်ရွှင်၊ သင့်သင့်မှန်မှန် ကောင်းကောင်း အချိန်ယူလုပ်မှ အောင်မြင်ခြင်းရနိုင်၏။ လူတစ်ဦး၌ ဉာဏ်မကြီးရင် နေပါစေ။ ဇွဲ၊ သတ္တိနှင့် ဝီရိယရှိ၍ နေ့နေ့နှင့်မှန်မှန် လုပ်သူဖြစ်ပါက အထက်တန်းသို့ရောက်မည်မှာ မလွဲကေန်ဖြစ်သည်။

## အလုပ်ချိန်

အလုပ်ကိုလုပ်ရာတွင် အလုပ်ချိန်၌ ဝင်ဆင်းရဲဟု သဘောထားကာ ထူးထူးချွန်ချွန် ရှက်ဆောင်လိုစိတ်မရှိ။ ဝတ္တရားအတိုင်းပြုပြီး နာရီကို မကြာခဏကြည့်နေတတ်သောသူမျိုးသည် အလုပ်၌ ဂုဏ်မယူ၊ မပျော်ရွှင်၊ မနှစ်သက်ခြင်းကြောင့် အလုပ်၏တန်ဖိုးကို မသိသဖြင့် တိုးတက်ခြင်းကင်း၍ နေရတတ်လေသည်။ မိမိ၏လုပ်ငန်းတွင် မိမိ ရဲဝံ့စွာ ဂုဏ်ယူနိုင်သောသဘောဖြင့် အလုပ်၏သဘောကိုသာ အဓိက ထား၍ အလုပ်လုပ်သူသည်သာလျှင် တိုးတက်နိုင်လေသည်။

## နေရသောအချိန်ကလေး

နေရသောအချိန်ကာလလေးက တိုတိုလေးပါ။ နေရသောအချိန်က တိုသော်လည်း လူ့ဘဝဆိုသည်မှာ အိပ်မက်မက်နေသလိုပါပဲ



နေရသောအချိန်ကာလတိုပေမယ့် ရှန်းကန်လှုပ်ရှားခြင်းကတော့ ပြည့်နှက်နေ၏။ ထို့ကြောင့် အကျိုးမဲ့သော စိုးရိမ်ကြောင့်ကြမှုတွေနှင့် အချိန်မဖြုန်းပါနှင့်။ ရောင့်ရဲစိတ်ထားပြီး ပြုံးနေစမ်းပါလေ။

## ကိုယ့်အချိန် ကိုယ်မပိုင်

သူတစ်ပါးကို မှီခိုရခြင်းသည် သူတစ်ပါးအစွမ်းအောက်၌ ရပ်တည်ရခြင်းဖြစ်၍ မိမိကိုယ်စွမ်းကိုယ်စကို ချိုးနှိမ်ပစ်ခြင်း ဖြစ်၏။ သူတစ်ပါးကို မှီခိုရခြင်း၏ အဆိုးဝါးဆုံးအချက်မှာ မိမိအချိန်ကို မိမိ မပိုင်ခြင်း၊ ကိုယ့်အချိန်ကို မှီခိုရသူအား ပေးထားရခြင်း ဖြစ်၏။

## အားလပ်ချိန်ကိုသုံးသပ်ခြင်းသည် အနာဂတ်အတွက်

လူငယ်တစ်ဦးသည် သူ၏အနာဂတ်၌ မည်မျှထိ ကြီးကျယ် အောင်မြင်နိုင်သည်ဆိုခြင်းကို သူ၏ နေ့စဉ်နှင့် အားလပ်ချိန်၊ အသုံးပြု နေခြင်းကို ကြည့်ရှုလေလာသုံးသပ်ခြင်းဖြင့် သိနိုင်ပါသည်။

## အချိန်နှင့် ပစ္စုပ္ပန် တစ်ထပ်တည်းကျပါစေ

ပစ္စုပ္ပန်နှင့် တစ်ထပ်တည်းမကျသော စကားများကို ခဏခဏ ပြောတတ်သောသူသည် အောင်မြင်မှုအနည်းဆုံးလူ ဖြစ်တယ်

www.burmeseclassic.com

www.burmeseclassic.com



## အချိန်မရှိ

မိမိ၌ ရည်ရွယ်ချက်ရှိပြီးသည့်အလျောက် ဇောက်ချ၍ အလုပ်လုပ်နေရသူအဖို့ သူတစ်ပါးနှင့် အနိုင်လု၍ ငြင်းခုံနေရန် အချိန်မရှိပေ။ ထင်လိုရာထင်၍ ပြောလိုရာပြောပါစေ။ လျစ်လျူရှု၍ ကိုယ့်အလုပ်ကိုယ်လုပ်ရပေမည်။

## အချိန်မရွေး

တန်ဖိုး၊ ဂုဏ်သိက္ခာဆိုသည်မှာ အချိန်မရွေး ဝယ်ယူရရှိနိုင်သောပစ္စည်းများကဲ့သို့ လွယ်လွယ်မရပေ။

## စကားဖြင့်မပြီးပြတ်သောအလုပ်ကို အချိန်မဆွဲပါနှင့်

အလုပ် လက်တွေ့လုပ်ရမည့်အစား စကားများလျက် အချိန်ဆွဲနေလျှင် အပျက်အစီးများ ဝင်ရောက်လာနိုင်ရန် အချိန်ပေးခြင်းနှင့်တူလေသည်။

## အောင်မြင်ချင်သူသည် နားချိန်မှာပင် အလုပ်ချိန်ဖြစ်၏

သူတစ်ပါး အိပ်ဆောင်ချိန်မှာ သင်က မအိပ်ဘဲနိုးနေရုံနှင့် သင်သည် အောင်မြင်သူမဖြစ်နိုင်။ သူတစ်ပါးအိပ်စက်



အနားယူချိန်မှာ သင် ဘယ်မျှအကျိုးပြုတွေ အသုံးချနိုင်သည်လဲဆိုသည်ကမှ အောင်မြင်တဲ့သူ ဖြစ်ပါသည်။

## အချိန်ကို တက်ကြွခြင်းဖြင့် ရင်ဆိုင်ပါ

အချိန်အခါမရွေး မည်သည့်ပြဿနာကိုစွတာဝန်ကိုမဆို ရင်ဆိုင်တိုက်ခိုက်သွားရန် အသင့်ဖြစ်နေစေရလေသည်။ လူဘောင်ဟူသည်ရှောင်တခင် ကိစ္စပြဿနာပေါ်ပေါက်လာတတ်မြပင် ဖြစ်လေသည်။ မိမိ၏ နေ့စဉ်အချိန်များတွင်လည်း လုပ်သင့်သမျှတို့ကို ချက်ချင်းဆုံးဖြတ်၍ လုပ်ဆောင်ရလေသည်။ သို့ဖြစ်၍ အချိန်တိုင်း၌ မည်သည့်အရာနှင့်မဆို ရင်ဆိုင်ရန် ဖျတ်လတ်တက်ကြွစွာ အသင့်ဖြစ်၍ နေရလေသည်။

## အချိန်ကို ခွဲခြားခြင်းဖြင့် အရှုံးမဖြစ်ပါစေနှင့်

စိတ်ဓာတ်တက်ကြွရမည့်အချိန်နှင့် စိတ်အေးငြိမ်ရမည့်အချိန်ဟူ၍ သီးခြားစီရှိသည်ကို သတိရပါ။ ဤစကားမှာ စိတ်တက်ကြွမှုသည် ကိုယ်နှင့်စိတ်နှစ်ပါး ဖြေလျော့မှုကို အထောက်အကူပြုနိုင်သည်ဟူသော အယူအဆဖြင့် မိမိကိုယ်ကို ဘယ်တော့မှ အရှုံးမပေးရန်ဆိုလိုခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ယနေ့အလုပ်၊ မနက်ဖြန်အလုပ်

ယနေ့လုပ်စရာ ယနေ့ လုပ်ပါ။

မနက်ဖြန်လုပ်စရာ မနက်ဖြန်မှ လုပ်ရမှာ။ မိုးရွာမှ ထွန်ချရမှာ။

## အချိန်တိုင်းကို အနိုင်ယူနိုင်သောအချိန် ဖြစ်ပါစေ

သင်သည် နေ့စဉ်နေ့တိုင်း၊ အချိန်တိုင်း တွေ့ကြုံနေရသော အသေးအဖွဲကိစ္စကလေးတွေမှစပြီး အခြင်းအရာဟူသမျှတို့ကို အတွင်းစိတ်အား အရှုံးမပေးဘဲ အနိုင်ယူလေ့ရှိအောင် လေ့ကျင့်ပါက ထို အသေးအဖွဲကလေးတွေစုမိပါက အကြီးကြီးဖြစ်လာပေမည်။ ထိုကဲ့သို့ အသေးအဖွဲမှစ၍ အောင်ဖန်များမှသာ အကြီးကြီးကြုံတော့လည်း အောင်မြင်မည် ဖြစ်လေသည်။

## မူရင်းအချိန်ခဲ့ရင် မိတ္တူအချိန် မညံ့ပါ

ယခုအခါ ဆင်းရဲညံ့ဖျင်း၊ ပညာဥစ္စာကင်းရခြင်းမှာ အတိတ်မှ မိမိ၏ ကြံစည်ပြုမူ လုပ်ကိုင်ပြောဆိုမှုတို့အတိုင်းပင် အကျိုးကင်းခြင်းဖြစ်ကြောင်း သဘောပေါက်၍ ယခုအချိန် ပစ္စုပ္ပန်၌ ဆက်လက်ယုတ်ညံ့မှုတွေရှိပါက အနာဂတ်အဖို့တွင်လည်း ဤနှမှ တက်နိုင်တော့မည် မဟုတ်ပေ။



ဤသဘောတရားကို သိမြင်လျက် ယခုပစ္စုပ္ပန်အချိန်မှစ၍ ကောင်းသော ကြံစည်ပြောဆို လုပ်ကိုင်မှုတို့ကို အရင်းထား၍ တက်ကြွသောစိတ်ဓာတ်ဖြင့် အလုပ်ကို ဇွဲ သတ္တိဖြင့်လုပ်လျှင် မုချ ဤနှမှ ထွက်မြောက်ချမ်းသာခြင်းသို့ ရောက်နိုင်လေသည်။

## အကျိုးရှိသောအလုပ်ဖြင့် အချိန်ဖြုန်းနိုင်ပါစေ

အကျိုးရှိသောအလုပ်နှင့် အချိန်ဖြုန်းသောအလုပ် အထူး သတိထား၍ ခွဲခြားသိပါ။ ထို့နောက် အောင်မြင်နိုင်မည့်လုပ်ငန်းများကိုသာ အားပြည့်မာန်ပြည့် အာရုံစိုက်ပါ။ အခြားအလုပ်များကို သူများကို လွှဲပေးပါ။

## မိမိ၏စိတ်ကို ပစ္စုပ္ပန်အချိန်ထဲတွင် ထားပါ

စိတ်ကူးယဉ်ထဲ၌ နစ်မျောလေ့ရှိသောစိတ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ပရမ်းပတာ စိတ်သွားရာသို့ လွတ်လပ်ခွင့် လွှတ်မပေးထားဘဲ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ စားခြင်း၊ တွေ့ထိခြင်း၊ ပစ္စုပ္ပန်အာရုံတည့်တည့်၌သာ ကျရောက်နေစေရမည်ဖြစ်၏။ သို့[illegible] ချက်မှာ စိတ်ကူးယဉ်များကို လုံးဝရပ်ဆိုင်းလျက် ဒိဋ္ဌ[illegible]ိုင်း၌ ပစ္စုပ္ပန်တည့်တည့် ကျရောက်နေဖို့ ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်ခဲ့တဲ့အချိန်သည် ပျက်မည့်အချိန်သို့ ဦးတည်နေ၏

ဒွါရနှင့် အာရုံ တွေဆုံသည့်အခိုက် အသိစိတ်ဖြစ်ပေါ်လာပြီး ထိုအသိစိတ်သည်လည်း ဖြစ်ပြီး ပျက်စီးခြင်းသို့ ရောက်ရ၏။ နှစ်သက်ဖွယ်လည်းမဖြစ်၊ မုန်းတီးဖွယ်လည်းမဟုတ်၊ စွဲလမ်းစရာ လမ်းမရှိ။

## ကောင်းချိန်ရှိနေသရွေ့ ဆိုးချိန်မရောက်သေး

အချိန်တိုင်း သင့်ကိုယ်သင် ကောင်းအောင် ကျင့်ဆောင်နေမယ်ဆိုလျှင် ဘယ်သူတွေ ဘယ်လောက်ဆိုးဆိုး ကိုယ်ကောင်းနေသမျှ ခေါင်းဘယ်မှ မရှေ့နိုင်ပါ။

## အချိန်မြန်အာ အချိန်မှန်းလို့ ရှုနိုင်သည်

အချိန်နှင့်အမျှ ဘဝပေးတာဝန်တွေကို အသိပညာဖြင့် ရင်ဆိုင်တိုက်ခိုက်နေမှသာ ဘဝ၏တန်ဖိုး စံချိန်မီပေမည်။ ထိုသို့အချိန်မြန်းကာ တွေးဆွေးငေးနေလျှင် တော်လှျင်တော်၊ ရှုံးလျှင်လည်း ရှုံးသွားနိုင်ပေသည်။



## ပတ်ဝန်းကျင်ကို အချိန်ယူပြီးစီရင်

သက်ရှိ၊ သက်မဲ့ အရာဝတ္ထုအစုစုတို့သည် အချိန်နှင့် ပတ်ဝန်းကျင်ဥတု၏စီရင်ချက်အရ အဟောင်းဖြစ်သော အခြင်းအရာတို့ကို ကျော်လွှားပြီး အသစ်အသစ်သော အခြင်းအရာတို့ကိုသာ တည်ထောင်သွားကြလေသည်။ ထိုအတူ လူသတ္တဝါတို့၏ အတွေ့အထွေး၊ ဒုက္ခ၊ သုခ သောက၊ လောကဓံဟူသမျှတို့သည်လည်း အချိန်၏ပတ်ဝန်းကျင်တို့စီရင်သွားချက်အတိုင်း အဟောင်းကျော်ပျောက်၍ အသစ်သို့ ကူးပြောင်းသွားသည်ချည်း ဖြစ်လေသည်။

## သူတစ်ပါးစိတ်ထားကို အချိန်ယူလေ့လာခြင်း

လူတစ်ယောက်၏ မူလစိတ်သဘောထားကို သိလိုလျှင် ထိုသူ ဆိတ်ငြိမ်သောနေရာ၌ တစ်ဦးတည်းနေသောအခါတွင်လည်းကောင်း၊ အားလပ်သောအချိန်များ၌ မည်ကဲ့သို့ပြုမူနေသည်ကိုလည်းကောင်း ကြည့်ခြင်းဖြင့် သိနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## တန်ဖိုးရှိသောအချိန်ဖြင့်သာ ကုန်လွန်ပါစေ

တစ်သိန်းတန်စိတ်ဖြင့် လုပ်ရမည့်အလုပ်ရှိလျက် တစ်ကျပ်တန်အလုပ်ကို ကိုယ်တိုင်လုပ်နေရခြင်းဖြင့် အဖိုးတန်သောအချိန်များ၊ အခွင့်အရေးများ၊ သေးနုပ်ပျောက်ကွယ်ကုန်သောကြောင့်ဖြစ်ပေသည်။

## အလှတရားကို ခံစားချိန်မှာပင်

အလှတရားသည် အံ့သြသောခံစားမှုကို ပေးရုံမကပါဘူး။ တစ်ချိန်တည်းမှာပဲ အချိန်ကာလကို လွန်မြောက်သွားတဲ့ခံစားမှုကိုပါ ပေးတယ်။ စိတ်ကိုလည်း အနားပေးလိုက်တယ်။

## တာဟီရကီစွဖြင့် အချိန်မကုန်ပါစေနှင့်

တစ်နေ့တစ်နေ့ တာဟီရကီစွတွေကို ဦးစားပေးသောသူသည် ကြာလေကြာလေ ဘယ်ဟာက တန်ဖိုးရှိသည်။ ဘယ်အရာက အကောင်းဆုံးဆိုသည်ကို မသိတော့ပါ။ သူ့အတွက် တာဟီရကီစွက အရေးကြီးနေလို့ပါပဲ။



## အချိန်ကို တန်ဖိုးထားပါ

မအောင်မြင်တဲ့သူအတွက် အချိန်တွေသည် တန်ဖိုးမဲ့ပြီး အောင်မြင်တဲ့သူအတွက် အချိန်တွေသည် တန်ဖိုးရှိပြီး မြင့်မြင့်သွားပါတယ်။

## အချိန်တိုင်းမှာ သတိထားပါ

မြင်စရာမျက်စိသာမရှိပါက ဘာမှမြင်ရမည် မဟုတ်ပေ။ ဘာမှ မမြင်ရပါက လောဘ၊ ဒေါသ၊ ကိလေသာတို့ဝင်လာရန် အကြောင်းလည်း မရှိတော့ပါ။ မမြင်ရလျှင် ကိလေသာ သူ့ဟာသူ ငြိမ်းသည်၊ မြင်လျှင် မြင်ကာမျှဖြစ်အောင် ကျင့်ရပေမည်။ မြင်ချိန်တိုင်း သတိထား၊ မမှားနိုင်ပါ။

## သတိရတဲ့အချိန်မှာပဲ ကျင့်မီအောင် ကြိုးစားပါ

မြင်ချိန်မှာ သတိထားရသကဲ့သို့ ကြားရချိန်မှာလည်း သတိထား။ ကြားလျှင်လည်း ထိုကြားချိန်ကို ကြားကာမျှဖြစ်အောင် ကျင့်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ကိုနားလည်စွာ

လောကတွင် မိမိ၏ပညာစွမ်းဖြင့် အချိန်ကိုနားလည်စွာ အသုံ ပြုတတ်သူတို့သာ ရှေ့တန်းသို့ တက်လာနိုင်ပေမည်။ ထိုအလုပ်တွင် အသက်မွေးမှုအလုပ်တစ်ခုခုတွင် အချိန်၏စွမ်းအားပညာနှင့် ဉာဏ် စွမ်းအားကို အသုံးပြုတတ်သူတို့မှာ အဘယ်မျှ ပင်ပန်းခံ၍ ကြိုးစား သော်လည်း အရာရောက်မည် မဟုတ်ပေ။

## အချိန်၏အနှစ်သာရကို တန်ဖိုးထားပါ

ပညာရှိများသည် အချိန်၏ အနှစ်သာရကို နားလည်ပြီး အန္တရာယ်ကင်းအောင် နေကြ၏။ သူတစ်ပါးကိုလည်း အချိန်၏ အနှ သာရကို ပြောပြကြသဖြင့် သူတစ်ပါးကိုလည်း အန္တရာယ်မပေးချေ

## စိတ်သာရွှင်စေ ဘုရားဟောမဟုတ်လား

မျက်မှောက်ပစ္စုပ္ပန်သာမက တမလွန်ဘဝများ၏ ကောင်းဆိ နှစ်တန် ကြောင်းကျိုးမှန်သမျှကိုလည်း စိတ်သည်သာလျှင် ဖန်တီ နိုင်သော စွမ်းအားရှင်ဖြစ်၏။



## တွေဝေ၍ အချိန်ဖြုန်းနေသူတိုင်း အောင်မြင်မှုမရှိ

များစွာသောသူတို့သည် ကြီးပွားအောင်မြင်နိုင်လျက်နှင့် မအောင် မြင်ကြရခြင်းမှာ တွေးတောဝေးမော အချိန်ဖြုန်းလျက် ကြောက်ရွံ့ နေသောကြောင့်သာ ဖြစ်လေသည်။

## ဘာတွေ ခေါ်သွင်းနေတာလဲ

အချိန်ဖြုန်းတယ်ဆိုတာ သင့်ဘဝထဲသို့ ဘာအကျိုးမှမရှိသော အရာတွေကိုသာ ခေါ်သွင်းနေတော့၏။

## လန်ဒန်နှင့် ချီစိမ့်ကိုချစ်နေ

သင်၏ အရွယ်ကောင်းအားမာန်ရှိသောအချိန်များကို လက်ဖက်ရည် ဆိုင်၌ တီဗွီကြည့်၍ 'ဟစ်ပေါ့'များနားထောင်ရင်း လန်ဒန်နှင့် ချီစိမ့် ကို ချစ်နေတော့မည်လား။

## ဘာပွဲတော် ဇာတ်ပတ်နေလဲ

သင်၏ အရွယ်ကောင်းအားမာန်ရှိသောအချိန်များကို ရင်သိမ့်တုန် (လင်လုပ်ပွဲ)၊ (မယားလုပ်ပွဲ)တော် တာအုပ်၊ ဝတ္ထုမှိုင်းများနှင့် အိပ်မှိုင်း ထားမည်လား။

www.burmeseclassic.com

www.burmeseclassic.com



## တစ်ခုပြီး တစ်ခုလုပ်ပါစေ

တစ်နေ့မှာ လုပ်ရှားမှုများ လုပ်နိုင်သမျှ တစ်ခုပြီး တစ်ခုလုပ်။ တစ်နေ့တာမှာ ဖွယ်ရာတွေပြားပြီး အားမာန်တက်ကြွမှုကို ခံစားရပါလိမ့်မည်။

## နောင်မှ တိုးလုပ်မယ်ဆိုလျှင်

သင်သည် တစ်နေ့တွက် တာဝန်ဝတ္တရားများကို တစ်နေ့တာတွင် မပျက်မလျှော့စေဘဲ ဆောင်ရွက်ပါ။ တစ်ရက်ပျက်၍ အတန်နောက်မှ တိုးလုပ်မည်ဟူသောစနစ်မှာ သင့်အတွက် ပျက်စီးဆုံးရှုံးစေလိမ့်မည်။

## အချိန်သည် အသက်

အချိန်သည် အသက်ဖြစ်သည်။ အသက်သည် တန်ခိုးသိဒ္ဓိပင်ဖြစ်လေသည်။ ခန္ဓာအိမ်စက်ကြီးကို စနစ်တကျ မှန်ကန်စေရေး ထိုစိတ်ဟူသောတန်ခိုးကာပင် မောင်းနှင်စီးနှင်းနေလေသည်။



## အကြိမ်ကြိမ် နှောင်တရနေလျှင်

လူသားတစ်ယောက်သည် အလုပ်တစ်မျိုး၊ အဖြစ်အပျက်တစ်မျိုး၌ တစ်ကြိမ်သာ နောင်တရထိုက်လေသည်။ အကြိမ်ကြိမ် နောင်တရနေပါမူ ဆုံးရှုံးပျက်စီးရတတ်လေသည်။

## ပစ္စုပ္ပန်အချိန်သည်သာ အကောင်းဆုံး

စိတ်သည် ပစ္စုပ္ပန်မှာနေမှသာ စိတ်၏တည်ငြိမ်အေးချမ်းမှု၊ မြင့်မြတ်မှု၊ အဆင့်အတန်းမြင့်မားမှု၊ အရည်အသွေးတိုးတက်မှု ဖြစ်နိုင်မယ်။

## အချိန်ကို ဖြုန်းနေခြင်းသည် ကျရှုံးခြင်းသို့

အချိန်တွေ တဖြည်းဖြည်းကုန်သွားအောင် အကျိုးမဲ့ ထိုင်စောင့်နေသောသူမျိုးက ဘယ်လိုလာပြီး ကြီးပွားနိုင်မှာလဲ။

## အချိန်စည်းကမ်း ကူးစက်

ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသကဲ့သို့ပင် အချိန်စည်းကမ်းမရှိသူသည် တကယ်အရည်အချင်းရှိ၍ အချိန်စည်းကမ်းရှိသူများနှင့် ဆုံ၍

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရသောအခါ သူပါ အလိုလိုစည်းကမ်းရှိလာ၏။ မရှိနိုင်သောသူမှာ ဘေးသို့ လွင့်သွားလေတော့၏။

## ပေါင်းသင်းဆက်ဆံ အချိန်မှန်

အတွေးအခေါ် နိမ့်ကျသော အပေါင်းအသင်းများနှင့် စိတ်တူကိုယ်တူ ပေါင်းသင်းသောသူသည် အချိန်ကြာလျှင် တင်ငါနားနီးတင်ငါ မှဆိုးနားနီးမှဆိုးဖြစ်ပြီး သူ့အတွေးအခေါ်ပါ နိမ့်သွားရလေသည်။ (အချိန်စည်းကမ်းသဘောသွင်လည်း ထို့အတူပင်။ အချိန်စည်းကမ်းမရှိသူနှင့် ပေါင်းသင်းမှုကြာလျှင် 'ကိုယ်ပါ' စည်းကမ်းမရှိတော့ချေ။)

## ပျင်းချိန်မပေးခဲ့သည့် တုမရတဲ့ ပွဲ

ပျင်းသောသူနှင့် အချိန်၏တန်ဖိုးကိုမသိသူများသည် အတူတူ နေတတ်ကြ၏။ ပျင်းသောသူနှင့် ဦးနှောက်ပျက်သူမှာ အတူတူပင်။ အားလပ်နေသည့်ဦးနှောက်သည် မာရ်နတ်မင်း၏အလုပ်ရုံ ဖြစ်ချေ၏။

## စည်းကမ်းသည် လူ၏တန်ဖိုး

သင်၏ အချိန်စည်းကမ်းမှာ သင်သားသမီးများ၏ တန်ဖိုးကြီးမားလှစွာသော အမွေပင် ဖြစ်တော့၏။



## အသိ အမြင်သစ်

နေ့စဉ်ကြိုးစားခြင်းသည် နေ့စဉ်ပင် အသိအမြင်သစ်ကို ပေးလေသည်။

## အောင်မြင်နေချိန်မှာ ကျေးဇူးရှင်ကို မမေ့ပါနှင့်

များသောအားဖြင့် လူများသည် ကျေးဇူးရှိသည်ဆိုသောစကားလုံးကို ကိုယ်အကူအညီလိုသောအချိန်မှာ သတိရတတ်၍ ကျန်သောအချိန်များ၌ မေ့၍ နေတတ်ကြချေ၏။

## အချိန်ရှိသရွေ့ အလုပ်ရှိနေသူမှာ

အချိန်ရှိသရွေ့ ဘဝတိုက်ပွဲကို တိုက်ခိုက်နေသူသည်သာ အစဉ်တိုးတက်နိုင်လေသည်။ ဘဝတိုက်ပွဲမရှိသူ၊ မတိုက်သူအား ဘဝက ပြန်လည်တိုက်ခိုက်သဖြင့် ဆုံးရှုံးရမြဲပင် ဖြစ်လေသည်။

## သေမင်း၏စိရင်ချက်သည် ကန့်သတ်ချိန်မရှိ

ပတ်ဝန်းကျင်နှင့် အချိန်သည် လူတွေကို သဘောအတိုင်း ဝမ်းသာဝမ်းနည်းနေကြဖို့ ကြာမြင့်စွာ ခွင့်မပြုကြပေ။ အမျိုးမျိုး အဖုံဖုံသော အာရုံတွေက ပြုပြင်စီရင်လျက် ရှိနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်အားလျော်စွာ မနှေးမမြန် ပြုလုပ်ပါ

အချိန်ဆွဲ၍ အလုပ်လုပ်သောစနစ်သည် အခါကာလအားလျော်စွာ အောင်မြင်မှုများပြီး နှေးသော်လည်း အလျင်အမြန်ပြုလုပ်မိသောကြောင့် ပျက်စီးရသည်လည်း များစွာရှိပေသည်။

## တစ်နာရီက ဘဝကို ထိခိုက်နိုင်

အချိန်ဟူသည် တစ်နာရီဖြုန်းက တစ်နာရီသာ ဆုံးရှုံးသည် မဟုတ်။ အချိန်တစ်နာရီနောက်ကျဖြုန်းမိခြင်းက ဘဝကိုပင် ထိခိုက်၏။

## အချိန်ယူ၍ စဉ်းစားနေခြင်းသည် အမျိုးသမီးများအလုပ်

ယောကျ်ားများအဖို့ အချိန်သည် ဘဝ၏ တစ်စိတ်တစ်ဒေသမျှသာဖြစ်သော်လည်း မိန်းမများအဖို့မူ အချစ်သည် သူမ၏ ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးလှပေတယ်။

## ယခုယူဆသော အချိန်ဇယားသည် အနာဂတ်ဘဝအတွက်

ဘာသာတရားအားလုံးတို့၏ ပန်းတိုင်သည် အနာဂတ်နောက်ဘဝဖြစ်ပြီး ပန်းတိုင်သို့သွားရာလမ်းသည် ပစ္စုပ္ပန်ယခုဘဝ ဖြစ်၏။



## အစချိန်ကောင်းလျှင် အဆုံးချိန် မညံ့ပါ

လူကြီးလူညံ့တွေသည် အချိန်တန်လျှင် အသက်ကြီးသွားသည်။ လူငယ်များ၏ ရှေ့ဆောင်လမ်းပြမဖြစ်ချေ။ ငယ်စဉ်က လူငယ်ကောင်းတစ်ယောက် မဖြစ်မှတော့ လူကြီးလူကောင်းမဖြစ်ခြင်းသည် သိပ်မဆန်းပါ။

## ပြုလုပ်ခြင်းဖြင့် အကောင်းဆုံးအချိန်ကို ရယူပါ

အကောင်းဆုံးအချိန်ဟူသည် စောင့်ဆိုင်းမျှော်လင့်ပြီး ယူရခြင်း မဟုတ်။ ပြုလုပ်ရခြင်း ဖြစ်၏။

## ချစ်တီးခေါင်း သန်းရှာ

အောင်မြင်မှုမရနိုင်သောအလုပ်ကို အချိန်ကုန်ခံပြီး လုပ်ကိုင်သောသူများသည် ခေါင်းပြောင်နေသော ချစ်တီးကုလား၏ခေါင်းကို သန်းရှာသကဲ့သို့ ဖြစ်ချေ၏။

## ပင်ပန်းစွာ အားစိုက်ထုတ်မှုက

အချိန်ရှိခိုက် လုံ့လစိုက်ဆိုပေမယ့် ရရှိသောအချိန်အတွင်းမှာ လုံ့လ၊ ဝီရိယကို ဇွတ်ညှစ်မထုတ်ရဘူး။ အချိန်ကို ဂရုစိုက်တာက

www.burmeseclassic.com

www.burmeseclassic.com



တော့ မှန်ပါတယ်။ ဒါပေမဲ့ လုံ့လ၊ ဝီရိယဟာ လွန်မင်းစွာ အားစိုက်ပြီး ထုတ်ရသောအရာမျိုးမဟုတ်ဘူး။ ပင်ပန်းစွာ အားစိုက်ထုတ်သော လုံ့လဟာ အကျိုးမရှိဘူး။ ပင်ပန်းတာပဲတောင် အဖတ်တင်တာမျိုး ရှိတတ်တယ်။

## မသေမချင်း ရှုပ်နေမှာ

အလုပ်ချိန်ဆိုသည်မှာ အမြဲရှိနေတတ်၏။ အလုပ်ဆိုသည်မှာ ကိုယ်က အနားမယူတတ်လျှင် မသေမချင်းပင် ရှုပ်နေမှာဖြစ်၏။

## ခုရော နောင်ပါ

ဇနီးမယားမိုက်နှင့် ပေါင်းရက ပစ္စုပ္ပန်သာမက နောင်တမလွန် ဒုက္ခရောက်တတ်၏။

## စိတ်ကိုစင်ကြယ်အောင် လုပ်နေရမည်

လူမှာ စိတ်ရှိ၏။ လူသည် စိတ်ကိုပင် စင်ကြယ်အောင် လုပ်နေရမည်။ စိတ်သည် ကျွန်ုပ်တို့အားလုံးနှင့် ဓမ္မတာရားဖြစ်သည်။ စိတ်စင်ကြယ်က ခုရောနောင်ပါ ကောင်းလှပါတော့၏။



## ရှောင်ကြဉ်မှု

မည်သို့သောသဘောမျိုးနှင့်ဖြစ်စေ အလုပ်ကို ရှောင်ကြဉ်သောသူမှာ တိုးတက်မှုကို ရှောင်ကြဉ်ခြင်း။

## အချိန်ကိုက်လုပ်က မရှုပ်ပါ

“အလုပ်တွေက များတယ်၊ ဘယ်က စလုပ်ရမှန်းကို မသိပါဘူး” ဆိုသောစကား မကြာခဏ ကြားဖူး၏။ အမှန်စင်စစ်တော့ ပြောသောစကားများကသာ ရှုပ်နေခြင်းဖြစ်၏။ အလုပ်က မရှုပ်။ လုပ်လျှင် ပြီး၍သွားသည်။ အလုပ်သည် မည်မျှပင်များများ ဇယားချမှတ်ပြီး တစ်ခုပြီးမှတစ်ခု စနစ်တကျ၊ အချိန်ကိုက်လုပ်လိုဆောင်ရွက်တတ်ရန် လို၏။ ထိုသို့လုပ်ကိုင်သွားသောအခါ အလုပ်လည်းကျွမ်းကျင်၊ အလုပ်က လျော့၍သွားသည့်အတွက် အလုပ်က လူကိုဖိစရာမလိုတော့ပါချေ။

## အေးဆေး

နှောက်မှလုပ်လည်း ရပါတယ်။ ဒါလေးများ ပါးပါးလေး။ ဘယ်တော့ထလုပ်လုပ် ရပါတယ်။ အေးဆေးပဲ လုပ်မယ်။ အချိန်ဆွဲတတ်သော အကျင့်ဆိုးကြောင့် အေးဆေး မဟုတ်တော့ဘဲ ခွေးပြေးဝက်ပြေးအောင် အချိန်တွင် လုပ်ကြရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ကြွေးထူလျှင်မပူ၊ သန်းထူလျှင်မယား

လုပ်စရာများ များလာသောအခါ အလုပ်အကြွေးများလာ၏။ အချိန်တွေကြာလာ၏။ ထိုအခါ ကြွေးထူလျှင်မပူ၊ သန်းထူလျှင်မယား ဆိုသကဲ့သို့ အလုပ်ကိုသတိမရတော့ဘဲ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ပျောက်ပျောက်ပင် ဖြစ်ကုန်တတ်၏။ အလုပ်ချိန်ကို မိမိကရှောင်၊ အဝတ်ပုက်လည်း မိမိကိုရှောင်မှာ ဖြစ်၏။ ထိုအခါ အလုပ်မရှိ၊ အကိုင်မရှိ လူတစ်ယောက်ဘဝသို့ ရောက်သွားလေသည်။

## ပစ္စုပ္ပန်ကို အသုံးချတတ်လျှင်

ပစ္စုပ္ပန်ကို တန်ဖိုးထားသောသူသည် သတိအားကောင်း၏။ သတိရှိလျှင် စည်ကြည်စူးစိုက်မှုရှိပြီး ဉာဏ်မျက်လုံးပွင့်ပြီး အောင်မြင်သောဘဝကို ပိုင်ဆိုင်၏။

## အောင်မြင်သူတိုင်း အချိန်ကို လေးစား၏

အောင်မြင်သောသူသည် အချိန်နှင့် အလုပ်ကို တိကျစွာ ဆောင်ရွက်တတ်သည်။



## အချိန်ဟူသည်

အချိန်ကို စောင့်ရ၊ အချိန်ကို မျှော်ရ၊ အချိန်ကို အသုံးချရ၊ အချိန်ကို လုရ။

## ခရု ခါးတောင်းကျိုက်၍ဖမ်း

အချို့လူများသည် မလိုအပ်သောနေရာ၌ ပုံကြီးချဲ့ပြီး အချိန်ကုန်လူပန်း လုပ်ကိုင်တတ်ကြသည်။ အကျိုးမများသော အလုပ်ကိစ္စကို ရေးကြီးခွင်ကျယ်လုပ်သောသသော ဖြစ်၏။ ခရုတစ်ကောင်ကိုဖမ်းဖို့အတွက် ခါးတောင်းကျိုက်ပြီး ပင်ပန်းတကြီး ဖမ်းဆီးသလိုပါပဲ။ အလွယ်တကူဖမ်းလျှင်ရလျက် အပင်ပန်းခံသကဲ့သို့ အချို့လူများမှာ လုပ်တတ်ကြလေသည်။

## မှတ်မှတ်ရရလုပ်

အမှတ်တမဲ့ မလုပ်နှင့်။ မှတ်မှတ်ရရ သတိနှင့်လုပ်၊ အဟုတ်ကို အောင်မြင်ပါတယ်။

## အချိန်ကို တန်ဖိုးထားသောဘုရင်

သမိုင်းတစ်လျှောက်လုံး၌ စည်းစနစ်အကျဆုံးသောသူဖြစ်ပြီး ဆဲလ်ဗျတ်တပ်ဆိုး၏ဘုရင်အဖြစ် ၁၂၂၀-၁၂၇၇ အုပ်ချုပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကား အလာအက်ဒင်ဘုရင်ကြီးဖြစ်၏။ သူသည် နေ့စဉ် ၄ နာရီသာ အိပ်စက်ခဲ့သည်။ ကျန်နာရီ ၂၀ ကို တစ်ပိုင်းလျှင် ၆ နာရီ ၄၀ မိနစ်နှုန်းဖြင့် ၃ ပိုင်းပိုင်းကာ

၁။ နိုင်ငံရေးအတွက် တစ်ပိုင်း

၂။ ပညာရှိများနှင့် ဆွေးနွေးတိုင်ပင်ရန်အတွက် တစ်ပိုင်း

၃။ စားဖတ်ချိန်အတွက်တစ်ပိုင်းဟု သတ်မှတ်အသုံးပြုခဲ့၏။

အချိန်ကို တန်ဖိုးထားသောဘုရင်ကြီး ဖြစ်တော့၏။

## နေရာမှန်၊ လူမှန်၊ အချိန်မှန်

နေရာမှန်၊ လူမှန်၊ အချိန်မှန်။ အချိန် စနစ်ကျရမှာဖြစ်၏။ လူတစ်ဦး ကြီးပွား၊ တိုးတက်၊ အောင်မြင်၊ ထွန်းကား၊ ကြီးမြင့်၊ ထွန်းတောက်၊ သူမတူအောင်ကို ဖြစ်သွားသည်ဆိုသည်မှာ နေရာမှန်ခြင်း လူမှန်များနှင့် တွေ့ခြင်း၊ အချိန်မှန်ခြင်းကြောင့် ဖြစ်သွားခြင်းပင် ဖြစ်ပါတော့၏။ 'အချိန်က ရွှေဖြစ်၊ ငွေဖြစ်သွားခဲ့ပြီး လူကပါ တော်ကောင်းသွားခြင်း ဖြစ်၏။

## အချိန်တိုင်းမှာ ပျော်ရွှင်ချင်ပြီလား

ကလေးများကို အတုယူပါ။ ကလေးသူငယ်များ၏ တည်ငြိမ်မှုကို သင်ခန်းစာယူပါ။ ပျော်ရွှင်မှုအတွက် အချိန်တိုင်းမှာ သူတို့ ဘယ်လို ပြုမူကြသည်ကို စောင့်ကြည့်ပါ။



## နာမည်ကြီးလာချိန်မှာ

နာမည်ကြီးလာသည်ထက် ကြီးလာသည့် အချိန်အခါတွင် သင်ကြီးစွာ သတိထားလေလော့။ အထင်ကြီးခံရမှုနှင့် သင်၏ တကယ် အင်အားမမျှလျှင် သင် ချောက်ကျသွားနိုင်သည်။ နာမည်ထက် တကယ့် အင်အားကို ပိုမိုဆောင်ထားသည်က သင်အတွက် စိတ်အချရဆုံး ဖြစ်၏။

(စာရေးသူ ဖခင်မှာစကား)

## စိတ်ဓာတ်ရှုံ့တွ

အချိန်က ပါးရေကိုပဲ တွန့်စေသည်၊ စိတ်ဝင်စားမှု မရှိတော့လျှင် စိတ်ဓာတ်ရှုံ့တွသွားတော့၏။

## ဘဝသစ်

အံ့ဩဖွယ်ရာဘဝသစ် တည်ဆောက်နေထိုင်ရေး စတင်ရန်မှာ ဘယ်သောအခါမှ နောက်မကျပါ။ ယနေ့ပင်စတင် ယနေ့ပင် ဘဝသစ်အတွက် ခြေတစ်လှမ်းပင် ဖြစ်၏။ မစတင်လျှင်သာ ဘဝဟောင်းမှာ ပဲရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



## အကျိုးမရှိသော အလုပ်နှင့်သာ

မိုက်မဲသူ၊ ပညာမဲ့သူ၊ မတွေးခေါ်တတ်သူ၊ ပျင်းရိလွန်းသူမှန်သမျှသည် စက္ကန့်၊ နာရီ၊ နေ့ရက်တိုင်း၌ အကျိုးမရှိသော အလုပ်နှင့်သာ အချိန်ဖြုန်းတတ်၏။

## အချိန်တန် နွားပိန်ကန်

မကျန်းမာ၍ ပိန်နေသောနွားသည် လူများကို ကန်နိုင်သော အင်အားမရှိ။ သို့သော် သူကျန်းမာလာသောအချိန်တွင်တော့ ကန်သော အလုပ်ကို လုပ်လာနိုင်ပါလိမ့်မည်။

လူတစ်ယောက်သည်လည်း သူ၏အခြေအနေအရ အလုပ်အကိုင်များ အဆင်ပြေမည်မဟုတ်သော်လည်း တစ်နေ့တစ်ချိန်မှာဖြင့် သူ၏ လုံ့လ၊ ဝီရိယကြောင့် အောင်မြင်လာပါလိမ့်မည်။ ထိုသဘောကို ရည်ရွယ်၍ အချိန်တန်သော် နွားပိန်ကန်လိမ့်မည်ဟု ပြောခြင်းပင် ဖြစ်သည်။

## ကောင်းချိန်၊ မကောင်းချိန်

လူတို့သည် ကောင်းချိန်မှာ ကောင်းသလို ပျော်ကြ၏။ ကြွားကြ၏။ စားကြ၏။ မကောင်းချိန်မှာ မိဘသတိရ၊ ဘုရားသတိရ၊ ကျောင်းသတိရ၊ ဗေဒင်ဆရာထံ ယတြာချေရန် သွားသူသွား။ အကောင်း



ပျောက်ချိန်မှာ အပေါင်းအဖော်တွေကလည်း ရောက်မလာတော့တတ်သည်ကို ကြိုးစွာသတိထားရပါမည်။

## အနာဂတ်ကို စောင့်ကြည့်ခြင်း

Future Is Where Our Greatest Leverage Is.

အနာဂတ်သည် ကျွန်ုပ်တို့၏ အကြီးကျယ်ဆုံးသော တန်ခိုး ဖြစ်သည်။

## ကတွတ်ပေါက် ဖျိုင်းစောင့်

အချိန်အခါမလပ် အခွင့်အရေးကို စောင့်မျှော်ကြိုးပမ်း ရှာဖွေသူတွေကို ကတွတ်ပေါက် ဖျိုင်းစောင့်သလိုရှိရယ်ဟု တင်စားပြောကြပါသည်။ ဖျိုင်းသတ္တဝါသည် သူဝမ်းစာရေးအတွက် ငါးရှာသောနေရာမှာ ရေစီးနှင့်အတူပါလာသောငါးကို ကတွတ်ပေါက်လို့ခေါ်သော ရေထွက်ရာပေါက်ကစောင့်ပြီး ဖမ်းယူစားသောက်ကြသည်။ ဤသို့ပင် အချိန်ကို တန်ဖိုးထားပြီး အခါမလပ် ကြိုးစားရှာသူများသည် အကျိုးများကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်နှင့်အညီ ရောက်ရန်

လေကိုစောင့်၍ ရွက်တိုက်ရမည်ဆိုလျှင် ခရီးကမပေါက်။ အချိန်နှင့်အညီ ရောက်ရန်၊ လုပ်စရာရှိသည်ကို လုပ်ရန်မှာ လေကိုစောင့်နေ၍ မဖြစ်ပါ။ ရွက်ကို အားမကိုးဘဲ လက်အားကိုး၍ လှော်တက်ကို ကိုင်ရပါမည်။

## အချိန်ဖြုန်းလျှင်

မျှင်းရှိုင်းငွေခြင်းနှင့် အချိန်ဖြုန်းခြင်းသည် သင့်အတွက် သံသယစိတ်နှင့် ကြောက်စိတ်များကို ဖြစ်စေလေ၏။

## မိုက်ကရှည်၊ လိမ္မာကတို

မိုက်သောသူအတွက် သံသရာရှည်၏။ ပစ္စုပ္ပန် တမလွန်ဘဝအတွက် အကျိုးရှိကြောင်းလုပ်ငန်းကို ပြုလုပ်နေသူအတွက် အချိန်သည် မြန်ဆန်လွန်း၏။ သူ့အတွက် မဝေးတောသောကာလမှာ သံသရာသည် တိုတောင်း၏။



## အနာဂတ်ကို

သင့်အနာဂတ်ကို သင်ပုံဖော်ပါ။ သင်ပုံမဖော်ပါက အခြားသူက ခင်ရောက်ဖော်ဆောင်သွားပေလိမ့်မည်။

## နောက်ငါးမိနစ်တောင်မှ

ကြီးပွားလိုသောသူတို့သည် အလုပ်ကို ချက်ချင်းကြံ၊ ချက်ချင်းလုပ်ရ၏။ နောက်တစ်နေ့ မဆိုထားနှင့် နောက်ငါးမိနစ်ကိုသော်မှ အကြောင်းမလှဲလောက်လျှင် အချိန်မရွှေ့အပ်ပေ။ အကြောင်းမဲ့မဟုတ်၊ လုံလောက်မှသာ ချိန်းရွှေ့အပ်ပါသည်။ အဟုတ်တကယ်ကြီးပွားနိုင်သည့်အကြံတစ်ခုကို ရရှိသည့်အခါ ထိုအကြံကို ဖြစ်မြောက်အောင်မြင်စေမည့် အလုပ်တစ်ခုကို ချက်ချင်းစ၍ လုပ်ရမည်။ ချက်ချင်းကြံ၍ ချက်ချင်းလုပ်သောသူသည် လောက၌ အမှန်ကြီးပွားရမည်သာတည်းဟူ၍ ဆရာကြီးပီမိုးနင်းက ကြီးပွားရေးစာအုပ်တွင် ရေးခဲ့၏။

## ယခု ရေတွင်းတူး ယခု ရေကြည်သောက်မရ

ယခုရေတွင်းတူး ယခုရေကြည်သောက်၍ မရ။ သည်နေ့မျိုးစေ့ချပြီး ညနေအသီးစားချင်၍ မဖြစ်နိုင်သကဲ့သို့ အောင်မြင်မှုကို ချက်ချင်းလိုချင်၍ မရနိုင်ပေ။ နေရိပ်ထဲသွားလိုလျှင် နေရာကိုဖြတ်ရသကဲ့သို့ ဖြတ်ရ၏။ အုန်းသီးစားလိုက အုန်းပင်မြင့်မြင့်ကို တက်ကို

www.burmeseclassic.com

www.burmeseclassic.com



တက်ရပေမည်။ ဟိုမှာဘက်ကမ်းရောက်လို၍ သည်မှာဘက်ကမ်းမှ ကူးသကဲ့သို့ ကူးရ၏။ ထိပ်တန်းသို့ အောင်မြင်ရောက်ရှိသူများသည် ဉာဏ်ကောင်းသူများထက် သင့်တင့်မှုနှင့် အချိန်မှန်မှန် စွဲစွဲမြဲမြဲ ဇွဲကောင်းကောင်း ဖြတ်သန်းကျော်လွှားလုပ်ကိုင်သူဦးရေက ပိုသည်ကို တွေ့မြင်ရလေသည်။

## စိတ်မခိုင်ခြင်းက

အောင်မြင်မှုရယူရန် အချိန်ယူရာ၌ စိတ်မခိုင်ခြင်းသည် လူကို နစ်မွန်းစေသောချွတ်ယွင်းချက်တစ်ခု ဖြစ်၏။

## အချိန်ကို ကိုင်တွယ်တတ်ပါစေ

ပတ်ဝန်းကျင်နှင့် အချိန်သည် လူများကို ခုတစ်မျိုး၊ ခုတစ်မျိုး ဖြစ်အောင် ဖန်တီးနေသည်ဆိုသည်မှာ မှန်ပါ၏။ သို့သော် လူရည်ချွန်တို့သည် ပတ်ဝန်းကျင်၏အစီအမံကိုမခံဘဲ အချိန်နှင့်အမှု မိမိတို့ကြိုက်သလို ဖန်တီးရယူနေကြခြင်း ဖြစ်လေသည်။ သူတို့အသိတွင် အချိန်မှာ ရတနာဖြစ်၍ ကောင်းသောအမှုပြုခြင်းဖြင့် ဖန်တီးပါက ကောင်းသောအချိန်ပင် ဖြစ်ရပေလိမ့်မည်။ သို့ဖြစ်၍ ပတ်ဝန်းကျင်နှင့် အချိန်သည် လူတိုင်းကို မခြယ်လှယ်နိုင်ပါ။



## တာဝန်သိသူသည် တာဝန်ရှိတာကို သိရမည်

လူသားတို့၏ တာဝန်ဝတ္တရားကား နောင်လာနောက်သား မြေးအစဉ်တို့၌ ပစ္စုပ္ပန် တမလွန် အကျိုးစီးပွားတို့ကို ပြုလုပ်ဆောင်ရွက်ရခြင်းသာတည်း။

## သူ့အတွက်သာ

အချိန်ကိုတန်ဖိုးထား၍ အလုပ်လုပ်သောသူအတွက် အခွင့်အရေးသည် သူ့အတွက် အမြဲတံခါးဖွင့်ထားပြီး ရသမျှအခွင့်အရေးသည် သူ့အတွက်ချည်းသာ ဖြစ်၏။

## လူပျင်းလက္ခဏာ

အလုပ်ဆိုလျှင် တိကောင်ကို ဆားနှင့် တို့လိုက်သကဲ့သို့ တွန့်ဆုတ်နေမည်။ နေရွှေ ညရွှေ အချိန်ဆွဲနေမည်ဆိုလျှင် အကျိုးမရသည့်အပြင် အပြစ်ပင် ဖြစ်တတ်ပါသည်။ အမှန်ပင် အချိန်ဆွဲသောအကျင့်ရှိသူသည် လူပျင်းလက္ခဏာရှိသူပင် ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ဒေါ့ယိုဒ်နီးမှ ဒေါ့တွင်းဝေါက်ရှာ

အလုပ်တစ်ခုကို လုပ်မည်ဆိုလျှင် ကြိုတင်ပြင်ဆင်ထားရပါမည်။ ဤသို့မဟုတ်ဘဲနှင့် အလုပ်လုပ်တော့မည့်အချိန်မှ ထိုအလုပ်အတွက် လိုအပ်သောအရာများကို အလျဉ်စလို ရှာဖွေဆောင်ရွက်တတ်သော သူများကို ရည်ညွှန်းပြောဆိုထားခြင်းသာ ဖြစ်၏။

## ငယ်ချိန်ကတည်းက အကျင့်ကောင်းလျှင်

ငယ်စဉ်အချိန်ကတည်းက အကျင့်ကောင်းတွေကို တည်ဆောက်နိုင်ခြင်းမှာ အလွန်ကောင်း၏။ အသက်ကြီးမှ အကျင့်၊ သီလကောင်းအောင် ကြိုးစားပြုပြင်လုပ်ယူရခြင်းထက် ငယ်စဉ်ကတည်းက စနိုင်ရင် အောင်မြင်မှုက တဖြည်းဖြည်းကို မြင်လာခြင်းရှိသည်ကို မြင်တွေ့ရသည်။ အရေး၊ အဖတ်၊ အတွက်တွေသင်စ လူမှုန်းသိစကတည်းက အဖြစ်ကင်းနိုင်သမျှကင်းပြီး စည်းကမ်းရှိနိုင်သမျှရှိလျှင် ဒုတိယအရွယ်က သိပ်ဒုက္ခမများနိုင်ဘူး။ အတိတ်ကံကြောင့် ဒုက္ခတွေများနေတောင်မှ သည့်ငယ်စဉ်မှာကတည်းက ပြင်လာသောသူသည် သက်သာသည်ဟု ဆိုရပါမည်။



## အချိန်ဆွဲ၊ သူများအလုပ်စောင့်

အချို့သောသူများသည် ဖျင်းရိတတ်သောဇီဇကြောင့် အပျင်း ၁-ပါးကို အကြောင်းပြကာ အလုပ်ကို အချိန်ဆွဲတတ်ကြပါသည်။ လူအချို့မှာ 'ငါလုပ်လျှင် ငါပင်ပန်းမယ်၊ သူတို့လုပ်လည်း ပြီးတာပဲ လေ'ဟု အလုပ်ကို တွယ်ကပ်လိုသည့်အတွက် အချိန်ဆွဲထားကြ၏။ ကိုယ်တိုင်မလုပ်ဘဲ သူများအလုပ်ကိုသာ စောင့်နေကြပြီး ကြာသော် သူများကသာ ဦးဆောင်ပြီး ပျင်းသူနောက်လိုက်၊ ဘေးရောက်ဖြစ်ကာ ခံစားစရာများ မခံစားရတော့ပေ။

## မြန်မာစောစော နေထွက်

'မြန်မာစောစော နေထွက်'ဆိုသောစကားကို ကြားဖူးကြပါမည်။ ထိုစကားမှာ စကားပုံတော့ မဟုတ်ချေ။ ရှေးလူကြီးများသုံးစွဲ၍ ဖြစ်လာသော ဆိုရိုးစကားသာဖြစ်၏။ ထိုစကားအဓိပ္ပာယ်မှာ အချိန်ဆွဲတတ်သူများကို ဝေဖန်ထောက်ပြသောစကား ဖြစ်၏။

## ဘယ်သူမပြု မိမိမှု

မလိုလားအပ်သော အတိတ်မှအရာများကို ဖျက်ရမည်၊ မေ့ပစ်ရမည်။ ထိုအခါ အနာဂတ်သို့သွားသောခရီးမှာ ပို၍ပြီး သွက်လာမည်။ အချိန်အခါကောင်းကို စောင့်ဆိုင်းနေခြင်းထက် အချိန်အခါကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရအောင် မိမိကိုယ်တိုင် လုပ်ယူရမည်ဖြစ်သည်။ အချိန်အခါကောင်း ရရေးမှာ၊ လုပ်ရေးမှာ ဘယ်သူ့အပေါ်မှ မတည်ချေ။ ဘယ်သူမပြု မိမိမှုဆိုသည့်အတိုင်း မိမိအပေါ်တွင်သာ တည်နေလေသည်။

## အသက်အရွယ်ရလာလျှင်

ငယ်စဉ်ကတည်းက မိမိအကျင့်အကြံ၊ အစွဲတွေကို အကောင်းဘက်ရောက်အောင် ပြင်ဆင်နေရမည်။ အသက်အရွယ်ရလာလျှင် ပို၍ပို၍ပင် ပြင်ဆင်နေထိုင်ရ၏။ ငယ်စဉ်က ငယ်ဂုဏ်ရှိအောင်၊ ကြီးတော့လည်း ကြီးဂုဏ်ရှိအောင် ကြိုးစားရပေမည်။ ဘဝသည် တိုတောင်းသည်ဆိုသော်လည်း အသက်ရှင်သမျှ နေရပေဦးမည် ဖြစ်သည်။

## မြေတစ်မှုန့်မှုသည်

ခြင်ယင်ကလေးတစ်ကောင်သည် တစ်နေ့လျှင် မြေတစ်မှုန့် စုပုံနိုင်သော်လည်း အချိန်ကာလကြာသောအခါ တောင်ပို့ဖြစ်လာသကဲ့သို့

## ချွန်းလွန်းသည့်မိုး မရွာ

တဝုန်းဝုန်းနှင့် မိုးသံ၊ လေသံပေးပြီး ဟန်ပြင်နေသော မိုးသည် ရွာ၍မချဘဲနေသကဲ့သို့ အလုပ်တစ်ခုကိုမလုပ်ဘဲ ပါးစပ်ပြောနေသောသူသည် တကယ်လက်တွေ့ အလုပ်လုပ်မည့်သူ မဟုတ်ချေ။ တကယ်



လက်တွေ့ အလုပ်လုပ်သောသူသည် အချိန်နှောင့်နှေးလေးကွေးမှု မရှိ။

## အချိန်မှန်ခြင်းဟူသော

လောကတွင် အောင်မြင်သူတို့သည် အချိန်၏တန်ဖိုးကို အသုံးချတတ်သူများသာဖြစ်လေရာ အလုပ်တစ်ခုကို အောင်မြင်စွာလုပ်ကိုင်နိုင်သောသူ၏ အရည်အချင်းများတွင် ထိုအချက် ပါဝင်လေသည်။ မည်သည့်အလုပ်မျိုးတွင်မဆို အချိန်မှန်ခြင်းဟူသော အလေ့အကျင့်သည် အောင်ခြင်းကို ပေးစွမ်းနိုင်လေသည်။

## တိုင်းရင်းသား အချိန်စကားပုံများ

၁။ ငါးလွှန်မှ ကွန်ဖြန့်။
(ရခိုင်စကားပုံ)

၂။ မီးလောင်မှ ရေပွေ့ရှိုးရှည် ရှာသလို။
(အင်းလေးစကားပုံ)

၃။ အတက်မှပေါက်လာသောအပင်သည် ပေါက်ကတည်းက ပါလာသောအစာက်နှင့်မတူ။
(ပလောင်စကားပုံ)

www.burmeseclassic.com

www.burmeseclassic.com



၄။ ရေမတိုးမီ တံတားဆောက်ပါ။
(အင်္ဂလိပ်စကားပုံ)

၅။ စားသောက်မည့်အချိန် သူစိမ်းရောက်။ ဒုက္ခတွေ့မည့်အချိန် ဆွေမျိုးရောက်။
(လီဆူစကားပုံ)

၆။ စကားပြောင်းပြောလျှင် အရှက်ရတတ်သည်။ လမ်းကောက်ကိုလိုက်လျှင် အချိန်ကုန်တတ်သည်။
(လရှီစကားပုံ)

၇။ လုံသောသူ မကြာမီ ရုပ်ပျက်တတ်၏။
(မရှူစကားပုံ)

၈။ စကားချိန်တာ နား၊ အစာစိတ်တာ သွား။
(ကချင်၊ ဂျိန်းဖောစကားပုံ)

၉။ ဒူးလေးပစ်လျှင်သာ လွဲမည်၊ သေမှာကတော့မလွဲ။
(ကချင်၊ ဂျိန်းဖောစကားပုံ)

၁၀။ ကြက်ဥမပေါက်သေးမီ ကြက်ကလေး မရေပါနှင့်။
(ရဝမ်စကားပုံ)

၁၁။ ညအခါသွားလျှင် မီးခွက်နှင့်သွား။
နေ့အခါသာလျှင် နေရောင်နှင့်သွား။
(ကရင်စကားပုံ)



၁၂။ သစ်ပင်ရင့်လာသော် အမြစ်က ဒုက္ခပေး၏။
ဝါးပင်ရင့်လာသော် အမြစ်က ဒုက္ခပေး၏။
လူအိုလာသော် ရောဂါက ဒုက္ခပေးတော့သည်။
(ကရင်စကားပုံ)

၁၃။ မုဆိုးမသည်ဘောနှင့် ညတွင်အစာရှာသော် တီရှတ္တန်စိတ်တူသည်။
(ချင်းစကားစုံ)

၁၄။ ကုသိုလ်ဆိုသည်မှာ သေခါမှသိ။ ဥဒါန်းဆိုသည့်အကွယ်လွန်ပြီးမှသိ။
(ပလောင်စကားပုံ)

## အကာလိက

ကျွန်ုပ်သည် ဗုဒ္ဓဝါဒကို အဘယ်သို့လျှင် 'အကာလိက'ဟု ခေါ်ဆိုရသည်ကို မကြာခဏ အံ့သြမိခဲ့သည်။ အကာလိကသည် ကာလကန့်သတ်ချက်မရှိ။ ခေတ်ကာလအချိန်အားလုံးအတွက် တည့်ရှိသည်ဟု အဓိပ္ပာယ်ရ၏။ ဗုဒ္ဓယဉ်ကျေးမှု သို့မဟုတ် ဗုဒ္ဓဘာသာ၌ ပြောင်းလဲမှုများ ဖြစ်လာသည်ကို ကျွန်ုပ် ပို၍တွေ့ရှိရလေလေ အချိန်ကာလ အမျိုးမျိုး၊ လူဦးရေအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ လိုအပ်ချက်များနှင့်အညီ ဗုဒ္ဓဝါဒ ဆက်ကာဆက်ကာ ညှိချိန်ပြုပြင်နိုင်မှုကို ကျွန်ုပ် တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



လေလေဖြစ်ပြီးလျှင် အစဉ်ထာဝရ ဆန်းသစ်ကာ တည်ရှိနိုင်မည့် တရားတော် မြတ်စွာဘုရားမှသာလျှင် ဟောကြားနိုင်ပေသည်ဟု ကျွန်ုပ် မြင်သိလာလေလေ ဖြစ်၏။

(Dr.ANANDA GURUGE - Dr.K. Sri. DHAMMANANDA) ၏ BUDDHISM IN MODERN LIFE ကို ဒေါက်တာမင်းတင်မွန် မြန်မာပြန်ဆိုသော ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝမှ ၂၆။

## ငယ်သေးသည်၊ အိုပြီဆိုသောစကားမှာ

လောကတွင် မသေသေးသမျှကာလပတ်လုံး အချိန်တွေ အမြဲ ရှိလေသည်။ ငယ်သေးသည်၊ အိုပြီဆိုသောအချက်နှင့် ဘာမျှမဆိုင်။ အခွင့်ကြုံဆဲတွင် အလုပ်လုပ်ရန်သာ အဓိကဖြစ်လေသည်။ မိမိက အလုပ်မလုပ်ချင်၍သာ ရှိရမည်၊ အချိန်တို့သည် အလုပ်လုပ်ရန် အခါ ခါတိုင်း၌ပင် အသင့်ဖြစ်၍ နေလေသည်။

## အချိန်ကုန်ခံ မစဉ်းစားနှင့်

လူသားတို့သည် နက်နက်နဲနဲ သဘောတရားရေးရာများကို တွေးတောစဉ်းစားခြင်းပြုခြင်းသည် လူဆန်သည်ဟု ဆိုပါသည်။ သို့သော်လည်း အချို့တို့သည် ဘာမျှအခြေအမြစ်မရှိ၊ အကျိုးမဖြစ်ထွန်းမည့် အကြောင်းအရာ ကိစ္စခြင်းရာများကို အချိန်ကုန်ခံ၍ စဉ်းစား



တွေးတောနေကြခြင်းကို ဝိတက်များသာ ဖြစ်သည်ဟုမသိဘဲ အလကား တွေးတောနေကြလေသည်။ အဖိုးထိုက်တန်သောအချိန် များစွာ ကုန်ဆုံးစေမည့်အစား

၁။ စာဖတ်နေခြင်း။

၂။ စာရေးသားနေခြင်း။

၃။ စီးပွားဥစ္စာလုပ်ငန်း အားထုတ်နေခြင်း။

၄။ ဗဟုသုတပညာရမည့်စကားများ ဆွေးနွေးနေခြင်း။

၅။ ဘာသာရေးကုသိုလ်ကောင်းမှုတစ်ခုခုပြု၍နေခြင်း။

ဤ ၅-ချက်တွင် တစ်ခုခု ခံယူနေသင့်ကြလေသည်။

## လူနှင့် တိရစ္ဆာန်

လူနှင့် တိရစ္ဆာန်တို့၏ ခြားနားမှုမှာ အနာဂတ်အရေးကို မျှော်တွေး ဆင်ခြင်စဉ်းစားတတ်မှု၊ စီမံခန့်ခွဲဝေဖန်တတ်မှု၊ ကောင်း မကောင်း သိမြင်တတ်မှု၊ အများ၏ကောင်းကျိုးကို ပြုလုပ်ဆောင်ရွက်တတ်မှု များသာ ကွဲပြားခြားနားလေသည်။

## အနာဂါတ်ကိုသိရန် အရေးမပါဘူးလား

အင်မတန်တော်သောသူများသည် အနာဂတ်အတွက် စဉ်းစား သည့်နေရာတွင် ဘာကြောင့် မတော်ကြသနည်း။

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို မမျှော်မှန်းနိုင်၍ ဒုက္ခကြုံရသည်ကို မကြာခဏ တွေ့ကြရသည်။ နောင်ကျမှ ပြင်၍မရသောအမှားကို လက်တွေ့သိလာမည် ဖြစ်သည်။

ထိုအခါ

အလွန်နောက်ကျနေတော့မည်။ တကယ်တော့ အနာဂတ်မှာသည် သင်၏ဘဝခရီးတစ်လျှောက်လုံးကို လျှောက်သွားမည့်နေရာသာ ဖြစ်သည်။ ဤသို့ဆိုလျှင် အနာဂတ်ကိုသိရန် အရေးမပါဘူးလား။

## ဆုံးခန်းအချိန်ရောက်အောင်

အလုပ်တစ်ခုကို အလျှဉ်သွားမစပါနှင့်။ စမိလျှင် ဆုံးခန်းတိုင်အောင်၊ ဆုံးခန်းအချိန်ရောက်အောင် သပ်ရပ်သေချာစွာ လုပ်တတ်သောအကျင့်ကို ခံယူရာ၏။

## ခရီးတွင်လည်း ရှာစဉ်မသိ

ကိစ္စတစ်ခုဆောင်ရွက်သောနေရာ၌ အတိုင်းအတာ အတွက်အချက်မရှိဘဲ ပြုလုပ်မည်ဆိုလျှင် အချိန်ဖြုန်းရာရောက်၍ အောင်မြင်မှု ရမည်မဟုတ်ချေ။ အရေအတွက်များပြီး အရည်အချင်းမရှိသည့်အတွက် ခရီးတွင်လည်း ရှာစဉ်မသိဟု တင်စားပြောကြ၏။



## အသက်ကို မှန်စွာရရှိသည်မည်၏

ယခုခေတ်သည် အချိန်နှင့်အမျှ တန်ဖိုးထား၍ အလုပ်လုပ်နေကြသောခေတ်ဖြစ်လေရာ မိမိကိုယ်ပိုင် ပစ္စုပ္ပန်အချိန်များကို ကောင်းစွာ အသုံးချတတ်လျက် သူတစ်ပါးတို့၏ အဖိုးတန်သောအချိန်များကိုလည်း မိမိက မဖြုန်းတီးမိရန် သတိပြုအပ်လှပေသည်။ အချိန်သည် ဥစ္စာကိုလည်းကောင်း၊ ပညာကိုလည်းကောင်း၊ ကုသိုလ်ကိုလည်းကောင်း၊ တစ်စုံတရာသောဗဟုသုတကိုလည်းကောင်း ရစေသည် မဟုတ်ပါလော။ ထိုသို့ ရရှိခြင်းသည်ပင်လျှင် အသက်ကို မှန်စွာရရှိသည် မည်လေသည်။

## လူတွေ အစွာလုပ်ခဲ့သောကောင်းမှု

လောကတွင် လူတို့သည် အသက်ရှင်နေစဉ်အတွင်း အတိုင်းအဆမရှိ အဖိုးတန်လေသည်။ သေမြီးသည့်အခါ၌ကား ကြွင်းကျန်သော ရုပ်ကလာပ်သည် ဘာမှအဖိုးမတန်တော့ချေ။

သို့သော်လည်း သူ၏အသက်ရှင်စဉ်အတွင်း တိုင်းပြည်နှင့် လူ့ခပ်သိမ်းတို့အကျိုးငှာ လုပ်ဆောင်ခဲ့သော ကောင်းမှုသည်သာလျှင် အဖိုးအနဂ္ဃထိုက်တန်၍ ကျန်ရစ်သည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



## ပေါ့ပျက်ခဲ့လျှင်

နုနယ်ပျိုမျစ်သောအချိန်များသည် ပေါ့ပျက်ခဲ့လျှင် အလွန်နှမြောဖွယ်ကောင်းပါ၏။ အဘယ့်ကြောင့်ဆိုသော် ထက်မြက်တက်ကြွစွာ အလုပ်လုပ်နိုင်သော၊ တိုးတက်ရာ၊ တိုးတက်ကြောင်းကို ရှာနိုင်သော အချိန်များဖြစ်နေ၍ ဖြစ်၏။

## နောင်တရနေမည့်အစား

လူဟူသည်မှာ အသက်ကြီးလာသည်နှင့်အမျှ ပျိုရွယ်စဉ်က တစ်ခုခုအတတ်ပညာ မရယူမိဘဲ အချိန်တွေ ကုန်လွန်သွားခဲ့ရခြင်းကို နောင်တရလျက် ယူကြုံးမရဖြစ်နေရမည့်အစား သတိတရားရချိန်၌ အချိန်ကို တန်ဖိုးထားကာ အလုပ်လုပ်ခြင်းသည်သာ ပိုမို၍ အကျိုးရနိုင်လေသည်။ ဤသို့မှုမပြုလုပ်နိုင်သူတွေမှာ ယောင်ပေပေနှင့်ပင် သေဆုံးကုန်ကြရလေသည်။

## အချိန်သုံးချစနစ်မတူ

အလုပ်အမျိုးအစားများနှင့် ပမာဏမကွာသလိုပဲ လူတွေရဲ့ ဉာဏ်ရည်နှင့် ကျွမ်းကျင်မှုကလည်း ပြောပလောက်အောင် မကွာဘဲနှင့် အချိန်လောက်သောသူနှင့် မလောက်တဲ့သူဆိုပြီး ကွဲပြားသွားရတာကတော့ အချိန်ကို အသုံးချတဲ့စနစ် မတူလို့ပဲ ဖြစ်ပါ၏။



## အချိန်ကို ခွဲတမ်းချ

အချိန်ကို ခွဲတမ်းချပြီးသုံးပါ ဆိုလိုခြင်းမှာ သုံးထိုက်သောနေရာမှာ အချိန်ကို ပိုသုံးနိုင်အောင်၊ မသုံးထိုက်တဲ့နေရာမှာ အချိန်တွေကို ချွေတာပြီး သုံးနိုင်အောင် မိမိကိုယ်ကို သတိပေးဖို့အတွက် လိုက်နာရမည့်စည်းကမ်း ဖြစ်သည်။

## လောကလျှို့ဝှက်ချက်

တစ်ချိန်တစ်ခါဘဝမှာ အကောင်းအာရုံလေးများနှင့် တွေ့ရပေမယ့် ရတတ်ရက်တော့ဖြင့် ဝမ်းမသာပါနှင့်ဦး။ ကောင်းခြင်းသည် ဆိုးရန်ကောင်းပေးခြင်းလည်း ဖြစ်တတ်၏။

တစ်ချိန်တစ်ခါ အဆိုးအာရုံလေးများနှင့် တွေ့သောအခါ၌လည်း ရတတ်ရက် စိတ်ဓာတ်မကျနှင့်ဦး။ ဝမ်းမနည်းနှင့်ဦး။ ဆိုးခြင်းသည် ကောင်းရန်အတွက် ဆိုးပေးခြင်းလည်း ရှိတတ်ပြန်သည်။ လောက၌ ထိုလျှို့ဝှက်သဘောတရားလေးများ ရှိတတ်၏။

## အချိန်နှင့် အရှိန်

အချိန်ကောင်းတုန်းမှာ အရှိန်ကောင်းအောင် ကြိုးစား။ အချိန်နှောင်းလျှင်တော့ အရှိန်မကောင်းတော့ပါချေ။ ကာလနှင့် ကမ္ဘာ အလုပ်ကိုတွဲ၍ အချိန်ရှိခိုက် လုံ့လစိုက်ကြပါလော့။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဝါဒနှင့် အချိန်

ဗုဒ္ဓဝါဒနှင့် အချိန်ကာလအမျိုးမျိုး ယဉ်ကျေးမှုအမျိုးမျိုးတို့နှင့် လိုက်လျောညီထွေ မြူပြင်ချိန် ညှိနိုင်စွမ်းရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒ၏ မည်သည့်အစိတ်အပိုင်းကိုမဆို ယနေ့ ကျွန်ုပ်တို့အတွက် ဆီလျော်အောင် အသုံးချနိုင်သည့်သဘောတရားအဖြစ် တွန့်ဆုတ်ခြင်းမရှိဘဲ ဆွဲယူအသုံးပြုနိုင်ပါသည်။

## အချိန်နှင့်အမှုပြောင်း

လောကဌ် အခြေအနေ အခြင်းအရာတစ်ခုသည် တည်မြဲခြင်းမရှိ။ အချိန်နှင့်အမျှ ပြောင်းလဲမြဲသဘောတရား ရှိလေသည်။

## အချိန်၏တန်ဖိုး

တင်စုံတရာသောလုပ်ငန်းတစ်ခုကို ရှက်ဆောင်ရာတွင် ဝေဖန်စဉ်းစားပြီးမှ နေးနေးမှန်မှန်လုပ်သင့်သောအလုပ် ရှိပေသည်။ အဘယ့်ကြောင့်ဟူမူ အလုပ်တိုင်း အလုပ်တိုင်းတို့သည် သူတို့၏ အကျိုးအပြစ်အလျောက် အချိန်နှင့်တကွ တန်ဖိုးထား၍ အရေးကြီးသည်။ သို့မဟုတ် နေးနေးလုပ်သင့်သည် ဟူသောအချက်အလက်များမှာ မိမိ၏စိတ်ဉာဏ်တွင် ချက်ချင်းပင် ထင်ဟပ်တတ်လေသည်။ သို့ဖြစ်၍ မိမိက သတိ၊ ဝီရိယဖြင့် မနောဉာဏ်တွင်တင်၍ ဆုံးဖြတ်ကာ



ရှက်ဆောင်ခြင်း ပြုရာသည်။ ဤသည်ပင်လျှင် အချိန်၏တန်ခိုးနှင့် အချိန်၏တန်ဖိုး ဖြစ်လေသည်။

## နောင်တစ်နေ့မှာ

ဗဟုသုတရှာဖွေရာတွင် လောလောဆယ်ကိစ္စအတွက် သိမှတ်ရန်များကိုလည်း မှတ်သားရပေလိမ့်မည်။ နောင်တစ်နေ့တွင် တစ်နည်းအားဖြင့် အသုံးချနိုင်မည့် ဗဟုသုတများကိုလည်း မှတ်သားရပေမည်။ ဗဟုသုတကြွယ်ဝသော လူငယ်တစ်ယောက်သည် အသက်ငယ်သော်လည်း ဘဝမငယ်နိုင်ပေ။ လူချင်းတူသော်လည်း မိမိက ခြေတစ်လှမ်းသာနေပေလိမ့်မည်။

## အားလပ်ချိန်

ပျိုရွယ်သူတို့သည် အားလပ်ချိန်တွင် စုဝေးပြီး စကားဆိုကြရာမှ ထိုအစုထဲတွင် ကာမတရားကို ဟောလေ့ရှိသူပါတတ်လေရာ ထိုသူတို့၏ မဟာဒရားစကားညစ်ညမ်းမှုကြောင့် များစွာသောလူငယ်တို့ ပျက်စီးစေနိုင်သည်။ ထိုသူငယ်မျိုးကို ဝိုင်းပယ်ပစ်လျက် ကြဉ်ရှောင်သင့်လေသည်။ ထိုအခြေအနေမျိုးသို့ မရောက်စေရန်လည်း အုပ်ချုပ်သူများသည် ကောင်းသောနမူနာပြ၍ အသိတရားပေး သွန်သင်ခြင်းဖြင့် ငယ်ရွယ်သူတို့အား ထိုဘေးဆိုးမှ ကာကွယ်သင့်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခွင့်အရေး

အခြေအနေနှင့် အချိန်အခါဆိုသည်မှာ အိပ်ပြီးစောင့်ယူရသည် မဟုတ်ပါ။ သတိထားပြီး အလွန်သတိထားပြီး ပြုလုပ်ရခြင်းဖြစ်၏။

## လက်ရှိအချိန်

မနက်ဖြန်၊ သန်ဘက်ခါ အချိန်မရွေးဘဲ လုပ်ကိုင်တတ်သော အကျင့်ကောင်းသည် အလွန်အမင်းကို လူ့ဘဝမှာ အရေးပါလှသော အကျင့်ကောင်းဖြစ်တယ်။ အချိန်၏တန်ဖိုးကို သူများတကာထက်ပင် ပိုပြီး နားလည်ထားခြင်းဖြစ်တယ်။

## ဆန့်ကျင်ဘက်အချိန်များ

လောကတစ်ခွင်၌ အရာအားလုံးတို့သည် သဘာဝတရားနှင့်အညီ ဆန့်ကျင်ဘက်အစုံစုံတို့ဖြင့် ဒွန်တွဲ၍ လွန်ဆွဲနေကြသည်။ အကောင်းကိုချည်း လိုချင်၍မရသလို အဆိုးချည်းသက်သက်ကိုသာ ကြုံတွေ့ရခြင်းမျိုးလည်း မဖြစ်နိုင်။

လောကဓမ္မတာအရ အမှောင်နှင့်အလင်း၊ အဆင်းနှင့်အတက် အပျက်နှင့်အဖြစ်၊ အချစ်နှင့်အမုန်း၊ အရှုံးနှင့်အနိုင်တို့သည် တစ်ဆက်တည်း ဖြစ်ပေါ်နေကြသည်။ နိုင်နေချိန်ရှိသကဲ့သို့ ရှုံးရချိန်လည်း ရှိသည်။ နိုင်စဉ် ပြုံးနိုင်လျှင် ရှုံးစဉ် မမှိုင်ပါနှင့်။



## သတိပြုပါ

ကိုယ့်ထက်နိမ့်တယ်ဆိုပြီး မနိမ်နှင့်။ တစ်ချိန်ချိန်မှာ အိမ်ထဲအထိဝင်ပြီး ကိုယ့်ကို ကူညီပေးသူလည်း ဖြစ်လာနိုင်ပါသည်။

## တန်းတူအခွင့်အရေး

အချိန်က တစ်နေ့ကို ၂၄ နာရီသာ ပေးသည်။ သင်နှင့် ကျွန်ုပ် ဘယ်သူ့ကိုမှ ပိုမပေးထားပါ။ ပိုရသူဟူ၍လည်း လောကတစ်ခုလုံးမှာ မရှိပါ။ ချမ်းသာသူ၊ အခွင့်အာဏာရှိသူ၊ အသက်ကြီးသူ၊ ငယ်သူအားလုံး တစ်နေ့ကို ၂၄ နာရီ ပိုင်ဆိုင်ကြပါသည်။

## လုပ်ကြည့်ပါ

နံနက်ခင်းခါ စောစောထ၊ လုပ်တဲ့ပန်းကလေးများကိုခူး၊ သရက်မှည့်တွေကောက်၊ ခရေပန်းတွေကောက်သီ၊ 'ဘုရားပန်းတင်လှူကြ။ နံနက်က သိပ်လှပ။ ကုသိုလ်ရ။

## အချိန်နှင့် ပြောင်းလဲမှု

ကိလေသာကာမနှင့်ယှဉ်သော အချစ်ဖြစ်ရာ အချိန်ကြာလျှင် ရိုး၍ အီ၍ ဝ၍သွားလျက် နောက်အသစ် တောင့်တတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အရွယ်သုံးပါး

အရွယ်သုံးပါးထိန်းသိမ်းရမှာက ပဌမအရွယ် ကိုယ်ကျင့်တရား၊ ဒုတိယအရွယ် ပိုမိုတည်ငြိမ်သော ကိုယ်ကျင့်တရား၊ တတိယအရွယ် ဘဝပြုတ်နိုင်သော ကိုယ်ကျင့်တရား။

## ရှက်စရာဆိုတာ

အလုပ်လုပ်ခြင်းသည် ရှက်ဖွယ်မဟုတ်။ ပျင်းရိထိုင်းမှိုင်းခြင်းသာ ရှက်ဖွယ်ရာ ဖြစ်စေတာတယ်။ ပျင်းရိထိုင်းမှိုင်း အချိန်ဖြုန်းသူမှန်သမျှဟာ အကုသိုလ်နှင့် မကင်းပါ။

## အချိန်အများကြီးပိုင်သူ

အလုပ်ရောပ်ချင်သူတွေမှာ အချိန်အများဆုံး ပိုင်ဆိုင်တယ်လို့ဆိုတယ်။ အလုပ်ထဲကို စိတ်ဝင်စားနေလျှင် ဘာကိုမှ စိတ်မစင်စားဘူးတဲ့။



## ဘာလုပ်လုပ် အာရုံစိုက်လုပ်

အလုပ်လုပ်ချိန်မှာ အလုပ်ကိုသာ စိတ်ပါဝင်စားပါ။ စိတ်ဝင်စားစွာလုပ်ပြီး ကစားချိန်၊ စားချိန်၊ စာဖတ်ချိန်တွေတိုင်းမှာလည်း အာရုံစိုက်၍ လုပ်ပါလေ။

## အခွင့်ကောင်း

ပျို့ရွယ်ငယ်နုသော အရွယ်ကောင်း အားမာန်ရှိချိန်ဟာ တစ်ခုတစ်ခုပြုလုပ်ရန်နှင့် တစ်စုံတစ်ဦးဖြစ်လာနိုင်ရန် အခွင့်ကောင်းဖြစ်သည်။

## အချိန်မီချုပ် အစုတ်သက်သာ

အချိန်မီ ချုပ်လိုက်ပါ။ အဝတ်အထည်ပစ္စည်းတွေ အစုတ်သက်သာတယ်ဆိုသောစကားဟာ ဘဝအတွက်ပါ လေးနက်ပါတယ်။ ရှက်အစဉ် ပြင်ခဲ့ကြသဘော။

## နောင်တဆိုတာ

ပစ္စုပ္ပန်မှာ မဆင်မခြင်သုံးစွဲသူသည် အနာဂတ်၌ ကြီးစွာ ပူဆွေးရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## အကောင်းဆုံးအချိန်

မိတ်ဆွေ မလိုအပ်သေးမီအချိန်သည် မိတ်ဆွေဖွဲ့ရန် အကောင်းဆုံးအချိန် ဖြစ်သည်။

## တွေ့ဆုံမှု

ကံကောင်းတယ်ဆိုတာ အချိန်အခါ၊ အခွင့်အလမ်းနှင့် ပြင်ဆင်ထားမှုတို့ ဖြစ်တတ်တဲ့လမ်းမှာ တွေ့ဆုံခြင်းဖြစ်၏။

## လုပ်တိုင်းမဖြစ် စိတ်မညစ်နှင့်

အချိန်အခါနှင့် အခွင့်အရေး မပေးပါက အရည်အချင်းသည် အရာမရောက်ပေ။

## လုပ်ရပ်ဖြင့်သာ

တန်ဖိုးရှိစွာကုန်ဆုံးခဲ့သော ဘဝတစ်ခုကို နှစ်များဖြင့် မတိုင်းတာသင့်ဘဲ လုပ်ရပ်များဖြင့်သာ တိုင်းတာရပေမည်။



## အကျင့်စာရိတ္တဆိုသည်

အကျင့်စာရိတ္တသည် အချိန်ကာလကြာမြင့်စွာ ဖြစ်ပေါ်နေသော အလေ့အကျင့်ပင် ဖြစ်၏။

## မသိခြင်း

ဟိုလွန်လေပြီးသော အတိတ်ကာလမှာလည်း အစမရှိ၊ နောင်အနာဂတ်ကာလမှာလည်း အဆုံးမရှိသော သံသရာကြီး ရှိပါတယ်လို့ မသိခြင်းက ခက်ကြီးမကခက်တဲ့သဘောပဲ ဖြစ်တယ်။ သံသရာကြီးအတွင်းမှာ မိမိတို့ပြုကြတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ပို့ဆောင်ပစ်ချသွင်းငင်ယူဆောင်ချထားရာသို့ မရပ်မနား ပြေးသွားကျင်လည်နေကြရသည်ကို မသိခြင်းသည် ကံနှင့် ကံ၏အကျိုးကို မသိခြင်းပါ။

## မင်္ဂလာရှိသောနေ့

ဟိုနေ့ဟိုခါ တရားကွာ
မင်္ဂလာမရှိသော နေ့။
သည်နေ့သည်ခါ တရားနာ
မင်္ဂလာရှိသောနေ့ ဟူ၍ ညပုသ်နေ့တစ်နေ့ တရားနာဖူးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်နှင့်နေ၊ အချိန်နှင့်သေ

အချိန်နှင့်အလိုက် နေပါ။

အချိန်နှင့်အလိုက် သေပါ။

## အချိန်တိုင်းကောင်းလျှင်

You Must Ever Time Acquit Your Self Well.

အချိန်တိုင်း သင့်ကိုယ်သင် ကောင်းအောင် ကျင့်ဆောင်နေမည်ဆိုလျှင် ဘယ်သူတွေ ဘယ်လောက်ဆိုးဆိုး ကိုယ်ကောင်းနေသမျှ ခေါင်းဘယ်မှမရွေ့ပါ။

## အချိန်နှင့် ကံဟောင်းဆယ်

အချိန်၏တန်ဖိုးမသိဘဲ၊ သင့်တော်သော ကြိုးပမ်းချက်မျိုးမရှိဘဲနှင့် ကောင်းမွန်သောရလဒ်မျိုး မရှိနိုင်ပါ။

ကံကောင်းအောင်ဆိုသည်မှာ အချိန်ကို တန်ဖိုးထားကြိုးစားပြီး ကံဟောင်းကို ဆယ်ရပါမည်။



## လူနှင့် အချိန်

တန်ဖိုးရှိသောသူသာလျှင် တန်ဖိုးရှိသောအချိန်ကို သိရှိနိုင်၏။ တန်ဖိုးမရှိသောသူမှန်သမျှသည် အချိန်ကိုမလေးစားသဖြင့် အတွေးများကာ အရေးများစွာ မဆုံးဖြတ်တတ်ဘဲ အဆုံးသတ်သွားကြလေသည်။

## အချိန်နှင့် ခြားနားချက်များ

အကျင့်၊ စရိုက်၊ ဝါသနာ၊ သို့မဟုတ် အထုံတို့၏ ခြားနားချက်မှာ အကျင့်စရိုက်သည် ယခုမျက်မှောက်၌ များစွာဖြစ်နေသောသဘောဖြစ်၍ ဝါသနာဟူသည်မှာ ရှေးရှေးဘဝအထုံစွဲ၍ (ဝါ) အကြောင်းဆက်မှုပါလာသောသဘော ဖြစ်၏။ အချိန်မှန်ခြင်းအကျင့်စရိုက်မှာ ယခုမျက်မှောက် ကြိုးစားလုပ်ယူနိုင်သောသဘောပင် ဖြစ်၏။

## ကံကြမ္မာနှင့် အချိန်

ချမ်းသာသုခလိုချင်သောသူသည် ကံကောင်းအောင် လုပ်ရမည်။ ကံဆိုသည်မှာ အလုပ်၊ အချိန်မှန်လုပ်ခြင်း၊ စားခြင်း၊ အိပ်ခြင်း၊ ပြောခြင်းတို့မှာ ကံကောင်းအောင်လုပ်ခြင်းပင် ဖြစ်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## စားမှာပဲ

နုပျိုတဲ့အဆင်းကို အချိန်က စားနေသည်။ နုပျိုသောအရွယ်ကိုလည်း အချိန်က နေ့တိုင်း စားပစ်နေသည်။ သူသည် အသက်ကိုပင် တစ်နေ့မှာ စားပေလိမ့်မည်။

## ကြိုတင်ပြင်ဆင်ထားပါ

သံသရာခရီးသွားအားလုံး မိမိတို့သံသရာခရီးအတွက် အချိန်မရွေး ကြိုတင်ပြင်ဆင်ထားသင့်လှပေတယ်။

## အချိန်ဆိုသည်မှာ

အချိန်ဆိုသည်မှာ ရပ်၍စောင့်နေတတ်သောသဘာဝ မရှိပါ။

## နေကွယ်တာ အချိန်များလျှင်ဖြင့်

တစ်နေကွယ် သေနယ်သို့တစ်ခါကူး
မေလျှော့က သေဖူးထင်ပါနှင့်
နေကွယ်တာ အချိန်များလျှင်ဖြင့်
သေနယ်ရွာ တစ်ကြိမ်သွားရမယ်
တားမရဘူး ဆိုသောစာပိုဒ်လေးကို ဖတ်မှတ်ဖူးခဲ့ပါသည်။



## အချိန်မရှိတော့ဘူး

ဗုဒ္ဓအဆုံးအမများသည် အရွယ်ကောင်းပြီး ဉာဏ်ရှိန်တက်နေချိန်မှာ အားထုတ်သည်ကောင်းမှ တံခါးဝလောက်ရောက်အောင် မနည်းအားထုတ်ရသောတရားများ ဖြစ်ပါသည်။ အသက်ကြီးပြီး ဉာဏ်တွေလေးလာသောအခါမှာ ထ၍လုပ်လျှင် တော်တော်နှောက်ကျနေပါလိမ့်မည်။ ထို့ကြောင့် ခပ်ဖယ်ဖယ်နေသူများ စိတ်မဝင်စားသေးသူများမှာ အချိန်မရှိတော့ဘူးဟုပင် ပြောရပါမည်။

## ဆိတ်ငြိမ်သောအချိန်

အချိန်ကာလအားဖြင့် တစ်နေ့တစ်နာရီခန့်သာ ဆိတ်ငြိမ်စွာ အာရုံစိုက်လုပ်ဆောင်မည်ဆိုပါက အင်အားလမ်းကြောင်းပွင့်သွားပြီး သင့်စိတ်ဓာတ်ကိုလည်း ထူးခြားစွာ ဆန်းသစ်သွားစေမည် ဖြစ်ပေသည်။ စမ်းကြည့်ပါဟု ဒဿနနှင့် အတွေးအခေါ်ပညာရှင်ကြီး Herry David Thoream က ဆိုခဲ့လေသည်။

## အချိန်ကို တန်ဖိုးဖြတ်ခြင်း

အချိန်ကို တန်ဖိုးဖြတ်ကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ အချိန်ကို ငွေကြေးကဲ့သို့ အသုံးပြုနိုင်ခြင်း။

၂။ အချိန်ကို တန်ဖိုးရှိသောအရာများ ရရှိရေးအတွက် အသုံးပြုနိုင်ခြင်း။

၃။ အချိန်ကိုအသုံးပြုနိုင်ရန် အခြားအရာဝတ္ထုနှင့် လဲလှယ်နိုင်ခြင်း။ (Exchange Value)

၄။ အချိန်သည် တန်ဖိုးရှိသော အစိတ်အပိုင်းတစ်ခုဖြစ်ခြင်း။ (Unit Of Valve)

၅။ အချိန်သည် ပင်ကိုအားဖြင့်ပင်လျှင် တန်ဖိုးရှိသောအရာဖြစ်ခြင်း။ (Valve In It Self)

၆။ အချိန်သည် လူသုံးကုန်ပစ္စည်းတစ်ရပ်တော့ မဟုတ်ပေ။ သို့သော် ခွဲခြားသတ်မှတ်နိုင်သော ရန်ပုံငွေ (Fund) တစ်ခုဖြစ်၍ မိမိအလိုရှိရာကို ငွေကြေးကဲ့သို့ ရယူပေးဆောင်နိုင်စွမ်း ရှိပေသည်။

၇။ အချိန်သည် အသုံးပြုရန်အခကြေးငွေ (Wages) ရယူပိုင်ခွင့်ရှိသည်။

## ဘယ်အချိန်မှာ သေမယ်ဆိုတာ

လူတွေကို တရားအားထုတ်ရန် တိုက်တွန်းသောအခါ "ဘာလုပ်စရာ ရှိသေးတယ်၊ ညာလုပ်စရာ ရှိသေးတယ်၊ မအားသေးဘူး" ဟု ပြောတတ်ကြ၏။ သေမင်းက ခေါ်သောအခါ



"ငါမအားသေးဘူး" ရယ်လို့ ငြင်းလို့ ရပါမည်လား။ လူဆိုသည်မှာ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ သေနိုင်လေသည်။ ဘယ်နေ့ ဘယ်အချိန်၊ ဘယ်နေရာ၌ ဘာရောဂါနှင့် သေရမည်ဆိုသော သေမင်းနှင့် ချိန်းချက်ထားမှု မရှိပါချေ။

## အကုသိုလ်ကံအကျိုးပေးချိန်

အကုသိုလ်ကံ အကျိုးပေးချိန်တန်လာသောအခါ လုပ်နေကျ၊ ကျင့်နေကျ အလုပ်အကျင့်တွေ သတိမရတော့ဘဲ အလွဲလွဲ အချော်ချော် အိုးနင်းခွက်နင်းများ၊ ဖောက်ထိဖောက်ထိုး၊ ကမောက်ကမ၊ တောင်တောင်အီအီတွေ ဖြစ်ကုန်တတ်၏။

(ဒုကနိပါတ်လာ ဘုရားလောင်း ဥဒေါင်းမင်း 'မောရဇာတ်'ကို ကြည့်ပါလေ။)

## သေခြင်းတရားကြီးက

သေခြင်းတရားဆိုသည်မှာ အချိန်ကို တန်ဖိုးရှိအောင် သုံးတတ်အောင် လမ်းညွှန်ပေးနေခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## အချိန်ပိုလျှက်သားနှင့်

လူတော်တော်များများမှာ တရားကို အတူအားထုတ်ရန်ခေါ်လျှင် အချိန်မအားလို့ပါဟု ပြောတတ်ကြတယ်။ အမှန်တကယ်တော့ သူမှာ အချိန်တွေ အများကြီး ပိုနေပါတယ်။

## အချိန်နှင့် သခြင်းတရား

အချိန်နှင့်သခြင်းတရား

သင်က နေ့စဉ်၊ ညစဉ် သခြင်းတရားကို မေ့လေလေ၊ သခြင်းတရားက သင့်ကို သတိရလေလေ။ ရတဲ့အတွက် သခြင်းက အနားကို တဖြည်းဖြည်း လာနေတော့တယ်။ အချိန်ကိုတော့ သတိအလွန်ရလို့ ချက်ချင်း ဒုန်းဆိုင်းကို လာတော့တယ်။

## သဘာဝကပေးသောအချိန်

နှစ်ကာလအချိန်တွေ ကြာသော်လည်း ရှေးလူကြီးသူမတို့၏ သစ္စာတရား၊ သစ္စာစကားများသည် ဖောက်ပြန်ခြင်းမရှိသကဲ့သို့ သဘာဝကို အခြေခံသော ဘဝသုံးသပ်ချက်တို့သည် ယနေ့အချိန်ထိတိုင် မှန်ကန်မြဲ မှန်ကန်နေသေး၏၊ ခေတ်နှင့် အကျိုးဝင်ဆက်စပ်နေသေး၏။



## အချိန်အငှား

သူများက ကိုယ့်အချိန်ကို ပိုင်နေတာ။ သူများဆီမှာ အခစားလုပ်နေရလို့ ဖြစ်သည်။ အဖိုးအခကို လိုချင်သောကြောင့် ကိုယ့်အချိန်ကိုယ်မပိုင်ပါ။ ထို့ကြောင့် ကိုယ်ပိုင်အလုပ်မဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုပိုင်ဆိုင်ထားသည်လို့မှတ်ပြီး လုပ်ရမည်။

## တစ်ယောက်တည်းနေချိန်

တစ်ယောက်တည်းနေရသောအခါ၌လည်း အချိန်ကို ပျော်ရွှင်စွာဖြန်းတတ်ရမည်။ တစ်ချိန်တစ်ခါက အဖြစ်အပျက်များထဲမှ အကောင်းအမြတ်နှင့် ကုသိုလ်ရခဲ့သည်များကို သတိရနေရမည်။

## သောကကြုံချိန်

စိတ်သောက ကြုံကြိုက်နေချိန်တွင် နှစ်သိမ့်ကြည်နူးစေသောစကားများထက် မေတ္တာတရားကို ဖော်ပြနိုင်စွမ်းသောအရာသည် မရှိပါဟု စိတ္တဗေဒပညာရှင်တို့က အဆိုပြုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မရနိုင်သောပစ္စည်းများ

တန်ဖိုးဂုဏ်သိက္ခာဆိုသည် အချိန်မရွေး ဝယ်ယူရရှိနိုင်သော ပစ္စည်းများကဲ့သို့ လွယ်လွယ်ဝယ်မရပါချေ။

## အချိန်နှင့် သည်းခံခြင်း

လူသားအားလုံး၏ အင်အားမှာ အချိန်နှင့် သည်းခံမှု ရောပြွမ်းထားခြင်းဖြစ်၏။ အချိန်၏တန်ဖိုးက ကြီး၏။ သည်းခံမှုတန်ဖိုးက ပို၍ကြီး၏။

## အောင်မြင်သောအချိန်

အချိန်ကို တန်ဖိုးကြီးစွာထား၊ လုံ့လသတိမလစ်ဘဲ ကံနှင့် ကံ၏အကျိုးကို ယုံကြည်ပြီး ဉာဏ်နှင့်ယှဉ်၍ ကြိုးစားမှသာ တိုးတက်အောင်မြင်ထွန်းကားနိုင်ပါသည်။

## တည့်တည့်တွေးပါ

လောကကြီးကို တည့်တည့်တွေးလျှင် နှလုံးသွင်းမှန်ပြီး ထည့်ထည့် တွေးရင်တော့ နှလုံးသွင်းမှားမှာ ဖြစ်၏။ ထို့ကြောင့် ဘယ်အချိန် ဘယ်နေရာ၊ ဘယ်အကြောင်းအရာကို တွေးတိုင်း တည့်တည့်သာ တွေးပါ။



## မေ့လျော့သမျှ

အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . ငွေကုန်။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . ပြဿနာများ။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . ကျန်းမာရေးပျက်။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . ဆက်ဆံရေးပျက်။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . စကားများ။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . အစားများ။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . အတွေးများ။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . အလုပ်များ။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . ဒုက္ခများ။
အချိန်တန်ဖိုးကို မေ့လျော့သမျှ . . . အချိန်တွေကုန်ဆုံးပြီး ရတောင့်ရခဲလူ့ဘဝ ဖြစ်ရကျိုးမနပ်ပါလေ။

## အချိန်တိုင်း သတိရပါ

အရေးအထပ်ထပ်၊ ဘေးအရပ်ရပ် မကြုံရလေအောင် အချိန် ...င်း အချိန်နဲ့တိုင်း မမေ့မလျော့၊ မပေါ့မဆ တရားတော်များနှင့်အညီ ...ပြီး အလကားချော်တွေကို ဘေးအသာချနေနိုင်လျှင် အေးမြ ...သောဘဝကို လောကီရေး လောကုတ်ပါ ရနိုင်ပါသည်။ ထို့ ...ကို လိုက်နိုင်ကြ၍သာ မိုက်နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘာကိုပဲလုပ်လုပ်

ဘာကိုမှဲ လုပ်ချင်လုပ်ချင်၊ ဘာကိုပဲ ဖြစ်ချင်ဖြစ်ချင် သင့်အနေနှင့် အချိန်ကိုသာ အကျိုးရှိရှိထိမိစွာ အသုံးပြုနိုင်လျှင် ဖြစ်မြောက်အောင်မြင်မှာ မလွဲပေ။

## အရာအားလုံးအတွက် အချိန်

အခွင့်အရေးသည် အချိန်၏ အနှစ်သာရ။ အချိန်သည် သူရဲကောင်းများကို ဖန်ဆင်း၏။ အချိန်သည် ပြောင်းလဲပစ်နိုင်၏။ အချိန်၏ လျှို့ဝှက်ချက်များမှာ များမြောင်နက်နဲ သိမ်မွေ့နူးညံ့လှ၏။ အချိန်သည် ရွှေ၊ အချိန်သည် ငွေ၊ အချိန်သည် ဓမ္မ။

## သတိထားသင့်သောအရာ

အချိန်နှင့် ငွေရှိလျှင် လမ်းဖောက်၍ ရနိုင်သည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်၏ အစိတ်အပိုင်းတစ်ခုကို တစ်ခါဖျက်လိုက်ပြီးလျှင် နောက်ပြန်၍ ဘယ်တော့မှ မထူထောင်နိုင်ပေ။



## အချိန်၏သတိပေးချက်

အချိန်ကို လုနေရသောဘဝတွင် အစဉ်တစိုက် နိုးကြားတက်ကြွစွာ အလုပ်လုပ်နေခြင်းဖြင့် ဘဝ၏တာဝန်တို့ကို ထမ်းဆောင်နေရသည်။ ဤလောကစာတ်ကြီးကို လှပသာယာစွာ မြင်တတ်သူသာလျှင် သာယာသောဘဝလှလှကို ဖြစ်စေနိုင်ပြီး ကမ္ဘာလောကဇာတ်ကြီးကို အပြစ်တင် နာကြည်းမုန်းတီးလာလျှင် ကမ္ဘာကြီးကဆိုသူအား သူ၏အပေါ်မှာမထားဘဲ ဝါးမျိုပစ်လိမ့်မည်။

## သေခြင်းနှင့် ရှင်ခြင်း

အချိန်၊ အရွယ်နှင့် အမှန်တရားဟူသောတရားသုံးကြီးက ဆုံးဖြတ်လိုက်သောအခါ ဘဝဆိုသည်မှာ နေခြင်းပြီး သေခြင်းသာ သေချာသည်ကို တွေ့ကြရတော့၏။ ထို့ကြောင့် မာန်တွေ ဘာကြောင့်များ ထန်နေကြပါသနည်း။ မသေတော့ဘူး ထင်နေကြ၍လော။

## အချိန်မည်မျှကြာသော်လည်း

အမေရိကန်ပြည်ထောင်စု၏ ကိုလိုရာဒိုပြည်နယ်၌ ပေါက်ရောက်သော ဝက်သစ်ချပင်ကြီးတစ်ပင်သည် နှစ်ပေါင်း ၄၀၀ ကြာအောင် မားမားမတ်မတ် ရပ်တည်ခဲ့၏။ ထိုအပင်ကြီးသည် လေပြင်းနှင့်တိုင်း အကြိမ်ကြိမ် တိုက်ခတ်ခံခဲ့ရသော်လည်း မပြိုလဲခဲ့ပေ။ မိုးကြိုးဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ကို ၈၄ ကြိမ် ခံခဲ့ရသော်လည်း မပျက်စီးခဲ့ချေ။ နောက်ဆုံးတွင် အမြစ်ကို နောက်ချေးပိုးကောင်ကလေးတို့ ကိုက်စားသည့်ဒဏ်ကြောင့် မြေသို့ ဝုန်းဝုန်းလဲပြိုလဲခဲ့လေ၏။ (သုတ စွယ်စုံမှ)

## လဲပြိုခြင်း

မိနစ်ကို စက္ကန့်စား၊ နာရီကို မိနစ်စား၊ ရက်ကို နာရီစား၊ လကို ရက်စား၊ နှစ်ကို လစားနှင့် တဖြည်းဖြည်း ကိုယ့်အနီးသို့ နီး၍ နီး၍ လာသည်က လဲပြိုခြင်းတရား၊ သေခြင်းတရား၊ မမြဲသောတရား။ အားလုံးသည် အချိန်ရာသီအလိုက်ပင် ပြောင်းလဲနေတော့၏။

## သေမင်းနှင့် အချိန် မချိန်းထား

လူဆိုသည်မှာ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ သေနိုင်၏။ ဘယ်နေ့ရောက်မှ၊ ဘယ်အချိန်ရောက်မှ ဘာရောဂါနှင့် သေရမည်ဆိုသည်ကို မသိ။ လူတို့သည် သေမင်းနှင့် အချိန် မချိန်းထားပါ။

## ထိပ်ဆုံးမှာ အချိန်

အချိန်သည် အစဉ်အမြဲ ထာဝစဉ် ရွေ့လျားပြေးလွှားနေသည်။ ချုပ်ကိုင်ထား၍ မရနိုင်။ ထိုသို့ ရွေ့လျားနေသောအချိန်ကို ရတုန်



ရခိုက် အမိအရ ဖမ်းဆီးချုပ်ကိုင်ကာ မိမိလိုလားအပ်သောလုပ်ငန်းကို အချိန်ရှိခိုက် လုံ့လစိုက်၍ လုပ်ကိုင်နိုင်သောသူများတွင် လူ့လောက၏ ထိပ်ဆုံးသို့ ရောက်ရှိနေကြသူများဖြစ်ကြသည်။

## အတက်၊ အဆင်း

ဘဝ၏ အတက်ခရီးအတွက်သာ ကျွန်တော်တို့ပြင်ဆင်ပြီး တက်ခဲ့ကြသည်သာ။ ထိုအချိန်၌ အဆင်းအတွက် ကြိုတင်မစဉ်းစားမိကြ။ စနစ်တကျ ဆင်းတက်အောင်လည်း ပြင်ဆင်ခြင်းမရှိကြ။

## အမှန်တရားဆိုတာ

မိမိ၏ တစ်နေ့တာ ပြုမူပြောဆို တွေ့ကြုံခံစားရသမျှတို့ကို နေ့စဉ် ပြန်လည်သုံးသပ်လေ့ရှိသူသာလျှင် အတွေ့အကြုံမှ အမှန်သဘောတရားရေးကို ရောက်ရှိနိုင်လေသည်။

## ကျန်းမာရေးနှင့် အချိန်

နံနက်စောစော အိပ်ရာထရာတွင် စိတ်ထောင့်ကွက်ခြင်း စိတ်ဒေါသဖြစ်ခြင်းများမှာ တစ်နေကုန် အဆင်မပြေ စိတ်မလန်းဆန်းဘိသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲတွင် အတွေးကြောင့် ကျဝင်စားမိလျှင်လည်း နှစ်ခြိုက်စွာ အိပ်ရခြင်း မဖြစ်နိုင်ပေ။ ကြီးပွားရေးထက် ကျန်းမာရေးကိုသာ ဦးစား ပေးလေ ရှိရာသည်။

## ပဏာမဆုံး သတိရသူ

ဒုက္ခနှင့်တွေ့ရှိရသောအချိန်အခါများမှာ အချစ်ဆုံးလူကို ပထမ ဆုံး သတိရကြလေသည်ဟု ဆရာကြီးဒဂုန်ရွှေမျှားက ဆိုခဲ့ဖူး၏။

## အခြေအနေနှင့် အချိန်အခါ

ရှင်ချိန်ရှင်၊ သေချိန်ရောက်က သေမှာ သေချာ၏။ ဖြစ်ချင်သလို ဖြစ်မလာရင် စိတ်ဖြေပါ။ ဖြစ်ချင်စိတ် မစောပါနှင့်။ ဖြစ်ပျက်မှုတိုင်း မှာ သူ့အချိန်အခါ ရှိပါသည်။ အလုံးစုံသော ရုပ်တရားတို့ကို နာမ်တရား ကသာ အစိုးရဖန်ဆင်းလေသဖြင့် စိတ်တစ်လုံးကို ဆုံးမပြုပြင် ထက်မြက်ထွန်းတောက်စေရာတယ်။ ရုပ်တရားတို့ အလိုသဘောအတိုင်း သာ နာမ်တရားခံရပါမူ သင် မုချရှုံးတော့မည်။ ရုပ်နှင့် နာမ်သည် အမြဲမပြတ် မရပ်မဆဲဖြစ်နေ၏။ အချိန်အခါ အရှယ်မရွေး သေခြင်းမရဏ ကြောက်ဖွယ်တရားလိုသာ သတ်မှတ်၏။ မိမိက မပျက်ပါနှင့်လို့ ပြော၍ လည်းမရ။ လုပ်လို့လည်းမရ။ သူ့သဘောအတိုင်း ဖြစ်ပျက်နေသော ကြောင့် အစိုးမရ အနတ္တတရားလို့သာ မှတ်ရမည်။



## ဆန္ဒမစောပါနှင့်

သဘောတရားသည် အမှန်တရားပင်ဖြစ်သော်လည်း အချိန်ရောက်အောင် စောင့်စည်းရ၏။ မည်သည့် အမှုကိစ္စအရာများပင်ဖြစ်စေ ထိုက်တန်သောအချိန် ယူရခြင်းဖြစ်ကြောင်း သဘောပေါက်ရမည်။

## အချို့ကလုပ်နိုင်၊ အချို့ကမလုပ်နိုင်

လူတိုင်းမှာ အများလက်ခံကြသော အသိပညာ Concept အရ တစ်နေ့ ၂၄ နာရီစီ အညီအမျှရကြပါသည်။ အချို့က ၂၄ နာရီအတွင်း အလုပ်အများကြီး ပြီးသည်။ အချို့က မလုပ်နိုင်။

## အလုပ်လုပ်ရမည့် အချိန်၏တန်ဖိုး

အဘယ်ကြောင့် နေ့စဉ် တလှုပ်လှုပ်ဖြင့် အလုပ်တွေရှုပ်၍ နေကြ ရပါသနည်း။

ဘဝဟူသည်မှာ ရယူခံစားရခြင်းမျိုးမဟုတ်ဘဲ ခံစားမှုနှင့်အမျှ ပေးဆပ်နေရခြင်း၊ ခန္ဓာဝန်ဆိုးကြီးကို ထမ်းဆောင်နေရခြင်းသာ။ ခန္ဓာ ကျွန်ဖြစ်နေရခြင်းကိုပင် ဘဝဖြစ်သည်ဟူရာ၌ စိတ်ကို မလေ့ကျင့် နားမလည်၊ မသိသူတွေအတွက်သာ မှန်ပြီး စိတ်ကို ယဉ်ကျေးအောင် ဆုံးမကျင့်ကဲမိသူစိတ်ဓာတ်ရှင်တို့မှာမူ ဘဝ၏သခင်အဖြစ် ချမ်းသာ ခြင်းအစစ်ကို ရယူနိုင်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝအသိ လေးနက်သူတို့သည် အလုပ်လုပ်ရမည့်အချိန်၏ တန်ဖိုးကိုသိလျက် အလေးအနက်ထားကာ မိမိ၏ယုံကြည်မှုအတိုင်း အလုပ်လုပ်ကြခြင်းသည်ပင် ဘဝ၏ လူတို့တာဝန်ဖြစ်လေ၏။

လောက၌ အဘယ်အရာဝတ္ထု၊ အဘယ်ပြဿနာကိုမှ နည်းမရှိ၊ အဖြေမရှိဟူသောအရာ မရှိပေ။ ထိုဖြေရှင်းနည်းမှန်ကို မသိရသေးခြင်းသာ ဖြစ်လေ၏။

## စနစ်တကျ အချိန်ကို အသုံးပြုခြင်း

စကား၊ အလုပ်၊ အချစ်၊ နိုင်ငံရေး စသည်ပြောရာမှာ အချိန်အခါနှင့် သဏ်ဆိုင်သည်။ လွဲနေသောအချိန်အခါ၌ ကိုယ်က ဘယ်သို့ပင် ကောင်းအောင်ပြောပြော နားလည်လက်ခံစဉ်းစားပေးခြင်း မရှိပါလျှင် စကားက တရားမဖြစ်၊ အလကားဖြစ်ပြီး အတွေးမှပေါက်ဘဲ ဘေးရောက်ကုန်တတ်သည်။ ထိုသို့ ဘေးရောက်သည်ထက် ဘေးအန္တရာယ်ရောက်မှာကို ပို၍ ကြောက်ရလေ၏။

## သတိထားသင့်သောအရွယ်

ငယ်ငယ်ရွယ်ရွယ်နှင့် အချိန်အခါကို ဘာမှမတွေးဘဲ ရူးသွပ်မိသော အချစ်နှင့် အိမ်ထောင်ပြုမိခြင်း၊ ခိုးပြေးပေါင်းသင်းခြင်းမှာ ဒုက္ခကိုသာ ရှာခြင်းသက်သက်ဖြစ်၏။ ပျော်ရွှင်မှုသုခကိုရှာခြင်း လုံးဝမဖြစ်



နိုင်ပေ။ ချစ်တာပမာနဆိုသောစကားသည် အမှန်စင်စစ် မှားနေသော စကားကြီးတစ်ခုပင်။ ငယ်နုစဉ်အချိန်အရွယ်မှာ အလွန်ပြော၍ကောင်းသော စကားသာပင် ဖြစ်ချေ၏။

## အချိန်မှန်၊ နေရာမှန်၊ လူမှန်ဖြစ်ဖို့

အချိန်အခါနှင့် နေရာမှန် လူမှန်ဖြစ်ရန်က လောကမှာ အရေးအကြီးတကာ အကြီးဆုံးပါ။ လွဲနေရင် ပွဲလည်းမှုတတ်၊ လင်မယားလည်း ကွဲတတ်၊ အုပ်စုအပေါင်းအသင်းလည်း ကွဲသွားတတ်တယ်။ အချိန်အခါနှင့် နေရာမှန် မဖြစ်သမျှမှာ ပြဿနာဆိုသည်က ထပ်ခါထပ်ခါ တက်နေတတ်ချေတယ်။ မိမိက သည်နေရာမှာ အဆင်ပြေအောင် မနေတတ်တာလား။ သည်နေရာက မိမိအတွက် အဆင်မပြေတာလား။ သေသေချာချာ စဉ်းစားရပေမည်။ အမှန်တကယ်မှာ နေရာဆိုတာထက် နေခြင်းအဆင်ပြေအောင် နေရခြင်းက အဓိကကျပါတယ်။ အချိန်အခါနှင့် နေရာမှန် လူမှန်မဖြစ်လျှင် သိပ်ဆိုးသည်။

## အချိန်နှင့် လိုအပ်ချက်

အိမ်မရှိဘဲ အိမ်ထောင်ပြုခြင်းက သာယာငယ်နုတဲ့ အချိန်အရွယ်တွေကို ဖျက်ဆီးပစ်တာပါပဲ။ အိမ်ပိုင်မပိုင်ရှိတော့ အိမ်ငှားနေနိုင်မှသာ အိမ်ထောင်ပြုသင့်ပါတယ်။ အိမ်မရှိဘဲ၊ ယုပ်ငန်းစီးပွား

www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့အရွယ်ကာလမှာ ဖွတ်ချစ်ခြင်းက သိပ်ချစ်ခြင်းဖြစ်မလာဘဲနှင့် စိတ်ညစ်ခြင်းသာ ဖြစ်လာပါတော့သည်။

(စာပြုသူကိုယ်တွေ့ပင်)

## ထိုအချိန်ကလေးထိခိုက်မှု

နံနက်အိပ်ရာထချိန်မှာ တစ်ခုခု စိတ်အနှောင့်အယှက်ဖြစ်ပြီး "ငါတော့ တစ်နေကုန် စိတ်ကြည်လင်မှာ မဟုတ်တော့ပါဘူး"ဟူသော ယူဆမှုမှာ မိမိ၏ကိုယ်ပိုင်ယူဆမှု ခံယူချက်သာ ဖြစ်၍ ထိုအချိန်ကလေး ထိခိုက်မှုကို တစ်နေကုန် သယ်ယူမသွားသင့်ချေ။ လူသည် ပစ္စုပ္ပန်အချိန်လေးကိုသာ အစိုးရသည်ဖြစ်၍ အချိန်တည်ဆဲ၌ပင် စိတ်နှလုံးရွှင်လန်းစွာဖြင့် ကောင်းမြတ်သောအလုပ်ကို လုပ်ကိုင်ပြောဆို ပြုမူရမည်သာ မှန်လေသည်။

## အချိန်ကို ကွက်လပ်မထားခြင်း

အအိပ်၊ အစား၊ အလုပ်၌ အချိန်မှန်ခြင်း၊ မကောင်းသောအလေ့အကျင့်တစ်ခုခုကို နိုင်အောင်ထိန်းသိမ်းခြင်း၊ စိတ်ကိုချုပ်ထိန်းနိုင်ခြင်း၊ အချိန်ကို ကွက်လပ်မထားခြင်းတို့သည် စိတ်တန်ခိုးကို အမြဲတိုးတက်စေလေသည်။ ဤအလေ့အကျင့်ကိုရလျှင် သင်သည် အောင်လမ်းခရီးကို တည့်မတ်စွာ လျှောက်သွားနိုင်မည်။



## အဆင်ပြေသွားမှာပါ

ပုပန်သောကဖြစ်မှုအများစုသည် အနာဂတ်ကာလကို အခြေခံကြသည်။ ယင်းတို့သည် အရာခပ်သိမ်းကို လွှမ်းမိုးနေကြသည်။ သို့သော်များသောအားဖြင့် စိုးရိမ်ပူပန်သလို ဘယ်တော့မှ ဖြစ်ပေါ်မလာကြချေ။ ပစ္စုပ္ပန်ကာလကိုသာ အဓိကအာရုံစိုက်ပါ။ အနာဂတ်ကာလသည် သူ့ဘာသူ အဆင်ပြေအောင် ကြည့်လုပ်သွားပါလိမ့်မည်။

## လက်တွေ့ သဘောတရား

အချိန်နှင့်အမျှ နေ့စဉ်တွေ့ထိခံစားချက်များ သူ့ဘာဝ၏ တွေ့ထိခံစားရမှု Incident အပေါ်တွင် တစ်နေ့ထက်တစ်နေ့ အတွေ့အကြုံရင့်ကျက်ရင့်ကျက်လာရာတွင် Experience များလာပြီး ဆင်ခြင်သုံးသပ် စဉ်းစားဝေဖန် သိမြင်နိုင်သော ပညာဉာဏ် Discrimination ရရှိပြီး ဆာဝအသိဉာဏ်ပညာ ခံယူရတတ်လာခြင်း၊ အသိပညာအလိမ္မာကိုပင် သဘောတရားရေး ရယူချက်ဟု ဆိုလေသည်။ ထိုသဘောတရား ကျင့်သုံးခြင်းဟူ၍ ဖြစ်လေသည်။

## ယနေ့ ယခုပစ္စုပ္ပန်

ကံဆိုး၍ လာရောက်ဝေ့ယမ်းနေခြင်းကိုငုံ့ခံနေရမါက တစ်သက်လုံး ထူနိုင်မည်မဟုတ်ပေ။ ကံကို မိမိကသာ စီမံဖန်တီးနိုင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကကို သတိရှိက သိမြင်နိုင်၏။ ထိုကကိုဖမ်း၍ ကြိုက်သလို အသုံးချနိုင်သူမှာ ဉာဏ်ဦးစီးသော ယနေ့ ယခုအချိန် ပစ္စုပ္ပန် ဝီရိယပင် ဖြစ်တော့၏။

## လေ့လာနေချိန်မှာ

မိမိသိလိုသောအရာတစ်ခုကို အာရုံစိုက်၍ လေ့လာနေချိန်တွင် ကိုယ်စိတ်တင်းကျပ်မှု ဖြစ်ပေါ်ခဲ့သည်။ သင်သည် မထင်မှတ်ဆုံးနေရာမှ လေ့လာသိရှိမှု ရနိုင်၏။

## ယခုအချိန် မင်္ဂလာကောင်း

လူတိုတစ်သက်တွင် ဘယ်အရွယ်မဆို အရွယ်ကောင်းပင် ဖြစ်လေသည်။ ယခုအချိန်သည်လည်း အချိန်မင်္ဂလာကောင်းပင် ဖြစ်လေသည်။ မိမိ၏ထိုက်တန်သော လုပ်အားဖြစ်စေရန်မှာ မိမိတာဝန်သာဖြစ်ပြီး ကမ္ဘာကြီးက ကောင်းကျိုးကို တုံ့ပြန်မည်သာ ဖြစ်လေသည်။

## ဇီဇကြောင်

လုပ်ကိုင်ရေးမှာ အချိန်ဆွဲ နှောင့်နှေးကြန့်ကြာတတ်သူတွေထဲမှာ အချို့က ဇီဇကြောင်ဖြစ်တတ်ပြီး အချို့က တွယ်ကပ်လိုသောစိတ်ကြောင့် ဖြစ်ပါတယ်။ လူအချို့သည် ပျင်းရိတတ်သောဇီဇကြောင် အပျင်း ၆-ပါးကိုအကြောင်းပြကာ အလုပ်ကို အချိန်ဆွဲတတ်ကြပါသည်။



## ရက်ချိန်းတစ်ခုသာ ပြုလုပ်ပါ

ကန့်သတ်ရက်ချိန်းများသည် များစွာသော ကိုယ်စိတ်ဖိစီးမှုပြဿနာများ၏ အခြေခံအကြောင်းရင်း ဖြစ်သည်။ တစ်ချိန်တွင် ကန့်သတ်ရက်ချိန်းတစ်ခုသာ ပြုလုပ်ပါ။ ကိုယ်အချိန်ကို ကိုယ်ကောင်းစွာ အသုံးချနိုင်ပါလိမ့်မည်။

## အချိန်အားမှ တဏှာပွား

အချိန်အလကားအားလပ်နေ၍ ကိုယ်စိတ်အား အလုပ်မပေးဘဲ အအားထားသူ၊ ငေးငိုင်စိတ်ကူးယဉ်သူ၊ ကာမတဏှာကိုတွေးကာ သာယာနေသူသည် အလကားလူဖျင်း။ အကုသိုလ်ကို စိတ်ဖြင့် အတင်းပင် ယူနေသူဖြစ်တော့၏။

## ပင်စင်ယူချိန်

ပင်စင်ပြီးသောအခါ အစွယ်နုတ်ခံရသောမြွေမဟာ စိတ်ကို မချပ်စ်ပါနှင့်။ ဇောင်းမှလွတ်သောမြင်းမဟာသာ လွတ်လပ်စွာ ဝါသနာအတိုင်း အနုပညာတစ်ခုခုဖြစ်စေ၊ တရားဓမ္မဖြစ်စေ၊ စာပေဖြစ်စေ၊ ပညာဗဟုသုတတစ်ခုခု တိုင်းပြည်မှုဖြစ်စေ မွေ့လျော်ရပေမည်။ ပို၍အားသစ်ရပေမည်။ စိတ်ကိုချလိုက်ပြီး ယောင်ဝါးဝါးဖြစ်သွားလျှင် အမြန်ဆုံး ဘဝတုံးအငြိမ်းစားသို့ ရောက်သွားနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ကို အတိတ်မှာထား

အတိတ်ကာလလုပ်ရပ်များ၊ သို့မဟုတ် ဖြစ်ရပ်များနှင့်ပတ်သက်၍ နောင်တရခြင်းအတွက် ကျိုးကြောင်းညီညွတ်သော အကြောင်းတရား မရှိသလောက် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အတိတ်ကာလဟူသည် သင်၏မှတ်ဉာဏ်ထဲတွင်သာရှိပြီး တခြားဘယ်နေရာမှာမှ မရှိသောကြောင့် ဖြစ်၏။ ဤအတိတ်ကာလမရှိခြင်း အမှန်တရားကို သင်သိမြင်သဘောပေါက်လာသောအခါ သင်၏စိတ်သည် တည်ငြိမ်အေးချမ်းလာလိမ့်မည်။

## လုပ်ပိုင်ခွင့်ရှိ

အတိတ်ကို သင် မပြုပြင်နိုင်သော်လည်း အနာဂတ်ကို သင် ပြုပြင်ရန် ယခု သင် လုပ်ပိုင်ခွင့်ရှိသေးသည်။

## မလေးမှန်မှန် နှေးနှေးမြန်

မည်သည့်အလုပ်မျိုးပင်ဖြစ်စေ တိုးတက်ကြီးပွားလိုလွန်း၍ တဖြည်းဖြည်းသာ ပြုလုပ်ရမည့်အစား အလောတကြီး တရှူးထိုး ပြုလုပ်ခြင်းမှာ အကျိုးပင် မဲ့စေနိုင်လေသည်။ မလေးမှန်မှန် နှေးနှေးမြန် စနစ်ကို ကျင့်သုံးခြင်းသာ ရေရှည်ခံနိုင်စွမ်းပြီး အကျိုးခံစားရနိုင်လေ၏။



## တစ်နေ့ ဘေးတွေ့တတ်

ယုံကြည်သင့်သူကို ယုံကြည်၊ မယုံကြည်မိ၍လည်း အကျိုးယုတ်နိုင်လေသည်။ မယုံကြည်သင့်သူကို မယုံကြည်ရ၊ ယုံကြည်မိပါက အကျိုးယုတ်နိုင်လေသည်။ သို့ဖြစ်၍ မိမိ၏ပတ်ဝန်းကျင်ထဲမှ လူ၏ စိတ်သဘောထားအရင်းခံ၊ ခံယူချက် Motive ကို သိအောင် ပြုထားရပေမည်။ မိမိ၏ပတ်ဝန်းကျင်ကိုမှ မိမိမသိထားလျှင် တစ်နေ့သောအချိန်တွင် ဘေးတွေ့နိုင်လေသည်။

## အဆင်မပြေဖြစ်နေချိန်

လူတို့သည် အချိန်အသီးသီးတို့၌ တွေ့ထိမှု၊ အာရုံအဖုံဖုံတို့ကြောင့် စိတ်သည် အခါခပ်သိမ်း အသင့်ကြည်လင်နေသည်ဟူ၍ မရှိနိုင်သဖြင့် မိမိနှင့် ဆက်ဆံရသူတို့တွင်လည်း မိမိနှင့် တွေ့ဆုံချိန်တွင် တစ်စုံတရာစိတ်အဆင်မပြေမှုဖြစ်နေလျှင် မိမိတွင်ပါဆက်၍ အဆင်မပြေမှုများ ဆိုက်လာတတ်လေသည်။ ထို့ကြောင့် သူတစ်ပါး၌ အဆင်မပြေခြင်း ရှိ၊ မရှိကိုသိပြီးမှ ချဉ်းကပ်သင့်ပေသည်။ အဆင်မပြေတွေ့လာပါက မိမိချဉ်းကပ်သူ၏ တာဝန်သာဖြစ်ကြောင်း သတိပြုသင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နေ့စဉ်သုံးသပ်

မည်သူမဆို မိမိ၏ပတ်ဝန်းကျင်ကို အမှန်တိုင်း သိမြင်အောင် နေ့စဉ် သုံးသပ်ခြင်းပြုရသည်။ ဝိုင်းမြှောက်စားနေသူတွေလား၊ ချီးမွမ်းခြေကျောက်သမားများလော စသည့် အမြဲသတိပြုပါ။ သူတို့သည် အသာရမှုကြောင့်သာ သင့်ထံ၌ ဝိုင်းအုံနေကြခြင်းလည်း ဖြစ်နိုင်လေသည်။ ပတ်ဝန်းကျင်ကို အမှန်မြင်သိသူသာလျှင် အမှန်တရားကို ကျင့်သုံးနိုင်ပေမည်။

## ဘဝ၏ လှူတို့တာဝန်

ဘဝ၏ အသိလေးနက်သူတို့သည် အလုပ်လုပ်ရမည့်အချိန်၏ တန်ဖိုးကိုသိလျက် အလေးအနက်ထားကာ မိမိ၏ယုံကြည်မှုအတိုင်း အလုပ်လုပ်ကြခြင်းသည်ပင် ဘဝ၏ လှူတို့တာဝန်ဖြစ်လေသည်။

ဘဝ၏အဓိပ္ပာယ် မလေးနက်၊ မသိမြင်သူတို့သည် ပျော်ရွှင်စွာ ကြောင်ကြကင်းလျက် အလုပ်မလုပ်ဘဲ သူတစ်ပါး၏လုပ်စာကို ဖဲ့နိုက်စားသောက်ကာ အေးအေးသက်သာဖြင့်သာ ဘဝရှုံး၍ သေဆုံးကုန်ကြရလေသည်။



## ကဲ့ရဲ့နေရန် အချိန်ကို မရလိုပါ

သူတစ်ပါး ဘာပဲထင်ထင်၊ သူတစ်ပါးက ဘာပဲကဲ့ရဲ့ကဲ့ရဲ့ မိမိ အလုပ်ကို ရည်ရွယ်ချက် မှန်ကန်မြင့်မြတ်သောလုပ်ငန်းမှန်ပါက တုံ့ပြန်အမှုထားစရာ မလိုပေ။ အဘယ်ကြောင့်ဟုမူ တကယ် အလုပ်လုပ်သူတွေမှာ ထိုသူတို့ကဲ့သို့ စကားပြောကဲ့ရဲ့နေရန် အချိန်မရရှိသောကြောင့် ဖြစ်၏။

## အချိန်တွင် ရတနာရှိသည်

ဘဝတွင် ရတနာရှိသည်။

ပညာတွင် ရတနာရှိသည်။

ဓမ္မတွင် ရတနာရှိသည်။

အချိန်တွင် ရတနာရှိသည်။

အရည်အချင်း ပညာဉာဏ်နှင့် စိတ်ကောင်းစိတ်မြတ်သည် ရတနာသိုက်ကို ဖွင့်ရန်သော့။

## ချစ်စိတ်ဝင်နေသော အချိန်မှာသာ

အချစ်ဆိုသည် ချစ်စိတ်ဝင်နေသောအချိန်မှာသာ ချစ်ခြင်းဖြစ်၏။ အချစ်သည် အနိစ္စသဘောဖြစ်၏။ အချစ်သည် အနတ္တသဘော ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



## နေ့၊ လ၊ နှစ်မှ သံသရာထိ

ယနေ့အတွက်လည်းကောင်း၊ နောင်တစ်ရက်အတွက်လည်းကောင်း၊ တစ်လအတွက်လည်းကောင်း၊ တစ်သက်တာအတွက်လည်းကောင်း၊ တစ်သံသရာအတွက်လည်းကောင်း ဆောင်ရွက်ရန် လုပ်ငန်းစဉ်ကို ချမှတ်ပြီး ရွက်ဆောင်နေရမည်။

ထိုကျင့်ဝတ်မရှိသေးသမျှ သင့်၌ တိုးတက်အောင်မြင်ခြင်း မရှိနိုင်။ ဘဝမှာလည်း ဗရမ်းဗတာဘဝသာ ဖြစ်မည်။

## အမှတ်သတိဖြစ်ရန်

အချိန်တိုင်း တရားချိန်ဖြစ်ဖို့၊ အာရုံတိုင်း တရားအာရုံဖြစ်ဖို့ အတွက် အမှတ်သတိကို တွန်းပင့်မြှောက်တင် အကူအညီပေးနေရသူကတော့ ရဲရင့်မှု ဝီရိယပါပဲ။ ရဲရင့်မှုဝီရိယရဲ့ ပံ့ပိုးကူညီမှုမပါဘဲ အမှတ်သတိ မဖြစ်နိုင်ပါဘူး။

## လောကဓံကို မဖြိုဖျက်နိုင်ပေ

အနန္တောအနန္တကို မမေ့တတ်သူ၊ အချိန်ကို ဂရုစိုက်တန်ဖိုးထားသူ၊ အချိန်အပေါ်မှာ သတိအားကောင်းသူမှန်သမျှသည် လောကဓံကောင်း၊ ဆိုးကို ရာသီအလိုက် တိုက်နေသော လေပြည်လေးလိုပဲ



သဘောထားနိုင်ပါလိမ့်မည်ဟု ဘုရားသားတော် ဆရာတော်ကြီးတစ်ပါး၏တရားခွေမှာ စာရေးသူ ကြားနာဖူးခဲ့ပါသည်။ နံနက်ခင်း အိပ်ရာထဲမှ နာကြားမိခဲ့ရာ အလွန်ပင် သဘောကျမိပါ၏။ ရွာထဲက နာရေးရက်လည်ဆွမ်းကျွေးတရားမှ ဖွင့်သံကြားရခြင်းဖြစ်၏။

(၁၈ - ၄ - ၂၀၀၁)

## ကုန်စုံဆိုင်အောက်က ကြွက်ဖျင်း

ကာယအလုပ်၊ မနောအလုပ်၊ ဝစီကံအလုပ် ကသုံးပါးလုံးပင် လုပ်စရာတွေ များစွာရှိသော အချိန်နှင့်အမျှ အဖိုးထိုက်တန်လှသည့် အကျိုးကိုရစေသည့် အလုပ်များစွာရှိပါလျက် အလုပ်မလုပ်ဘဲ ဒူးနှံ့ခါ လက်ဖက်ရည်၊ ဆေးလိပ်စွဲပြီးနေသူသည် ကုန်စုံဆိုင်အောက်မှ ကြွက်ကဲ့သို့ပင် ပျက်ဖျင်းသူ ကြွက်ပျင်းဖြစ်လေသည်။

## အချိန်၊ စိတ်ဓာတ်၊ အကြံကို ပူးပေါင်း

အားထုတ်လုပ်ဆောင်နေသောသူသည် ကြံစည်တွေးတောနေသောသူထက် တန်ခိုးကြီးလေသည်။ အကျိုးရလေသည်။ သို့သော်ကြံလည်းကြံ၊ လုပ်လည်းလုပ်ရပေမည်။ အချိန်၊ စိတ်ဓာတ်၊ အကြံကို ပူးပေါင်း၍ ကြိုးစားရပေမည်။ စိတ်ဓာတ်တန်ခိုးသည် မှန်ကြေးမုံနှင့် တူပေသည်။ တစ်စုံတရာကို အမှန်သိလိုပါက မှန်ကို ပြိမ်သက်စွာထားပြီး ကြည့်ပါက အမြင်မှန် အသိမှန် ပေါ်လာရမည်ပင်။

www.burmeseclassic.com

www.burmeseclassic.com

## စိတ်ဓာတ်ကြောင့်

ခေတ်သည် လူတို့၏ စိတ်ဓာတ်ကြောင့် ပြောင်းလဲခဲ့ခြင်းသာ မဟုတ်။ ခေတ်ကြောင့် လူတို့က ပြောင်းလဲလာရပေသည်ဟူ၍ ရုပ်လောကအားဖြင့် ဆုံးဖြတ်ကြသည်။ အမှန်မှာ စိတ်ဓာတ်ကြောင့်ပင်လျှင် ခေတ်ကမ္ဘာကြီးသို့ ပြောင်းလဲခဲ့ရခြင်း မှန်လေသည်။

## Value Of Time

ပညာရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးစသည်တို့ကို လွှမ်းမိုးချုပ်ကိုင်ဆောင်ရွက်နေကြသူများသည် အချိန်၏တန်ဖိုး **Value Of Time** ကို ကောင်းစွာ သဘောပေါက်နားလည်သူများ ဖြစ်သည်နှင့်အညီ အကျိုးရှိရှိ အသုံးပြုနေသူများ ဖြစ်ကြ၏။

## စေတနာထား

စေတနာကောင်းဖြင့် ရွက်ဆောင်သော အလုပ်တိုင်း တစ်နေ့တွင် အကျိုးပေးမည်သာ ဖြစ်လေ၏။ သို့ဖြစ်၍ မလွဲသာ၍ လုပ်ရခြင်း၊ ငွေလို၍ လုပ်ရခြင်းမျိုး မဖြစ်စေဘဲ အခါခပ်သိမ်း လုပ်ငန်းတိုင်း စေတနာထား မွန်မြတ်ပါစေ။



## ဓမ္မကို လေ့လာချိန် မပေးခဲ့၍

ကောင်းစွာ ရသဂုဏ်မပြောက် (အာဟာရ၊ တဏှာ၊ ရာဂ)တို့ဘက်မှာ ဆန္ဒမပြင်းပြတော့ခြင်းမှာ အတွေ့အကြုံရင့်ကျက်ခြင်းမှရသော အသိဉာဏ်။ အို၊ နာ၊ သေကိုသိသော အသိဉာဏ်။ အိုမှသာ သေခြင်းကို နီးကပ်သောအရွယ်ကပေးသော အသိဉာဏ်တို့ ဖြစ်လေသည်။ ဤစာအုပ်ပြုစုသူ ကျွန်ုပ်သည် အသက်သုံးဆယ်အရွယ်ခန့်မှစ၍ သူငယ်ချင်းတစ်ဦးထံမှ အကြောင်းပြုပြီး မဟုတ်မဟတ် အပြာဇာတ် စာအုပ်များ အင်္ဂလိပ်မြန်မာတို့ကို ဖတ်ရှုပြီး လက်တွေ့မှာ နည်းပါးသော်လည်း စိတ်တွင် တဏှာ၊ ရာဂ၊ ကာမတွေ နေ့စဉ်ရက်ဆက်လိုပင် ပြင်းထန်ခဲ့ဖူးလေသည်။ ဤသည်မှာ ဓမ္မတရားကို လေ့လာမှုနည်းခဲ့ခြင်း၊ အို၊ နာ၊ သေကို ထိုအရွယ်အချိန်အခါက ထည့်မတွေးခဲ့ခြင်းကြောင့်ပင် ဖြစ်တော့၏။

## အောင်မြင်မှု၏ လျှို့ဝှက်ချက်

To Know How To Wait Is The Great Secret Of Success.

အခွင့်အခါကို မည်သို့စောင့်ရမည်ကို သိခြင်းမှာ အောင်မြင်မှု၏ အကြီးဆုံးလျှို့ဝှက်ချက် ဖြစ်၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ပြတ်ပြတ်သားသား

စိတ်ဓာတ်ရင့်ကျက်သူတစ်ဦးမှာ စိတ်ကူးယဉ်မဆန်ပါတော့ချေ။ 'တစ်ကွေ့ပေါ့၊ တစ်နေ့နေ့ပေါ့၊ တစ်ချိန်ချိန်ပေါ့၊ တစ်နေရာရာပေါ့' စတဲ့ မတိကျမပြတ်သားတွေးခေါ်ထားမှု မရှိတော့ပါ။ ရဲရင့်ပြတ်သားပါ၏။

## ဘဝအကျိဆိုသည်

ဘဝအကျိဆိုသည် တစ်ချိန်မဟုတ်တစ်ချိန် ပေါ်စမြဲဖြစ်သည်ကို ယူဆသိရှိထားပါက ဘဝအကျိနှင့် တကယ်တမ်းရင်ဆိုင်ရသောအခါ ပြင်းထန်စွာ မခံစားရတတ်ပေ။ ထိုတစ်ချိန်ကို ကျော်လွှားနိုင်ပါသည်။

**သုတေသီဘုန်းမြင့်သွေး**

BURMESE CLASSIC .com
www.burmeseclassic.com